# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ကုသိုလ်ကောင်းမှု လျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက် | ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ် (၀၉၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

နေပြည်တော် ဇန်နဝါရီ ၁

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

### သမိုင်းကြောင်းအစဉ်အလာကောင်းများရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် ကမ္ဘာ့အလယ်တွင် ဝင့်ထည်စွာ ရပ်တည်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ သွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်လာခဲ့ကြသည့် သမိုင်းကြောင်း အစဉ်အလာကောင်းများရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁*❏



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့နှင့် အဂ္ဂမဟာသရေစည်သူဘွဲ့ရ နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း) ဗိုလ်ချုပ်မှူးကြီး စောမောင် (ကိုယ်စား) သား ဦးသီဟစော အား ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်စဉ်။

## ယနေ့ ဖတ်စရာ

အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့ရှိ ချက်စတာဘက်တီ စာကြည့်တိုက်ထဲက ပုဂံမင်းပုရပိုက် — ဆောင်းပါး | စာ - ၁၆

ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ — ဆောင်းပါး | စာ - ၁၇

ရိုးရာယဉ်ကျေးမှုနှင့် ဆင်ယင်ထုံးဖွဲ့မှုဓလေ့များရှိသည့် ရေပုတ်ကြီးရွာသို့ အာဆီယံနိုင်ငံများနှင့် အနောက်နိုင်ငံများပါ လာရောက်လေ့လာ — ပြည်တွင်းသတင်း | စာ - ၂၁

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့

တပ်မတော်၏ စစ်ရေးဆိုင်ရာလှုပ်ရှားမှုများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်ရပ်စဲလိုက်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။ အဆိုပါ ထုတ်ပြန်ချက်အရ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားများကို လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နှောင့်ယှက်ထိပါး တိုက်ခိုက်ခြင်းမရှိသရွေ့ ယမ်းငွေ့ယမ်းနံ့နှင့် ပစ်သံ ခတ်သံ၊ ပေါက်ကွဲသံတို့ ကင်းစင်တိတ်ဆိတ်နေမည်ဖြစ်သည်။

တပ်မတော်သည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှစ၍ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ လေးနှစ်ကျော်ကာလတိုင်အောင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ထုတ်ပြန်ချက်ပေါင်း ၂၁ ကြိမ် ထုတ်ပြန်ခဲ့ပြီး တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ရပ်စဲပေးခဲ့သည်။ ယခုတစ်ကြိမ်နှင့်ပါဆိုလျှင် တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ရပ်စဲပေးခဲ့သည့် ကာလအားဖြင့် တစ်ဆက်တစ်စပ်တည်း ငါးနှစ်အထိ ရောက်ရှိသွားမည်ဖြစ်သည်။ တပ်မတော်၏ လက်တွေ့ကျသော အဆိုပါဆောင်ရွက်ချက်၏ အဓိကအကျဆုံးတစ်ခုတည်းသော ရည်ရွယ်ချက်မှာ ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တလျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးကို ဖြည့်ဆည်းပေးနိုင်ရန်ပင် ဖြစ်သည်။

ပြည်သူလူထု၏ ကာလရှည်ကြာ တောင့်တခဲ့ကြသော လိုအင်ဆန္ဒဖြစ်သည့် ထာဝရငြိမ်းချမ်းရေးကို ရယူပေးနိုင်ရန်မှာ ဘက်တစ်ဖက်တည်းက ဆောင်ရွက်ပေးနိုင်သည့်အရာမဟုတ်ဘဲ အမှန်တကယ်ငြိမ်းချမ်းစေလိုသည့် ဆန္ဒအာသီသဖြင့် အားလုံးပါဝင်ဆောင်ရွက်ပေးနိုင်ကြဖို့ လိုအပ်သည်။ စစ်ရေးနည်းလမ်းကို ဆွဲကိုင်လျက် ဆယ်စုနှစ် တစ်ခုပြီး တစ်ခု၊ မျိုးဆက် တစ်ဆက်ပြီး တစ်ဆက် တိုက်ခိုက်ခဲ့ကြခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် သုံးစွဲရမည့် ဓနအရင်းအမြစ်များ၊ သယံဇာတအရင်းအမြစ်များ၊ လူ့စွမ်းအားအရင်းအမြစ်များ များစွာဆုံးရှုံးခဲ့ရသည်။ အထူးသဖြင့် နိုင်ငံနှင့် ပြည်သူတို့၏ အနာဂတ်ကို ဖန်တီးတည်ဆောက်ကြရမည့် ခေတ်အဆက်ဆက်မှ လူငယ်မျိုးဆက်များမှာ လက်နက်ကိုင် ပဋိပက္ခနွံအတွင်း သက်ဆင်းကျရောက်ခဲ့ခြင်းနှင့်အတူ တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးဆက်များဖြစ်သော စိတ်ဒဏ်ရာများ၊ ခံစားချက်များစသည်တို့က ခါးသီးပြင်းထန်လေ့ရှိသည့်အလျောက် အဖျက်သဘောဆီသို့သာ ဦးတည်သွားစေသည်။

ယခုအခါ မိမိတို့နိုင်ငံသည် သမိုင်း၏ အချိုးအကွေ့တစ်ခုဆီသို့ ရောက်ရှိနေပြီဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတို့ကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအားဖြင့် အတူတကွပူးပေါင်းတည်ဆောက်ကြရန် အချိန်အခါကောင်းသို့ ရောက်ရှိနေသည်။ သို့ဖြစ်သည့်အလျောက် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ထာဝရငြိမ်းချမ်းရေးဟူသော တိုင်းရင်းသားပြည်သူအားလုံးတို့၏ လိုအင်ဆန္ဒများကို အတူတကွ ဆွေးနွေးညှိနှိုင်းအဖြေရှာသော နည်းလမ်းအားဖြင့် ဖြည့်ဆည်းပေးနိုင်ကြပါစေကြောင်း။ ။

## အသိပေးနှိုးဆော်ချက်

(၇၅) နှစ်မြောက်၊ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ၂-၁-၂၀၂၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း အခမ်းအနားနှင့် ၄-၁-၂၀၂၃ ရက်နေ့ ဝ၄:၂၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသော ယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁**

(၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အမ်းမြို့ တပ်မတော်ဆေးရုံ၌ အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် အမ်းခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းကြသည်။

ဦးစွာ အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် အမ်းခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက သတ်မှတ်နေရာအသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့ သွေးလှူဒါန်းနေမှုများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်မင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ သွေးအလှူရှင်များအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ဗဟန်းမြို့နယ်သတင်းစာဆရာအသင်း(၇၅)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြု ဆောင်းပါးပြိုင်ပွဲ ဆုပေးပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းကကြီးကြပ်၍ ဗဟန်းမြို့နယ် သတင်းစာဆရာအသင်းက ဦးစီးကျင်းပသော(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုဆောင်းပါးပြိုင်ပွဲမှ ဆုရသူများ၏စာရင်းကို ကျင်းပရေးကော်မတီမှ ယနေ့တွင် ကြေညာခဲ့သည်။

ပထမဆုကို ဟင်္သာတမြို့နယ်မှ သစ္စာဝါဒီဦးမြင့်အောင်၏ "မြန်မာ့လွတ်လပ်ရေး ကမ္ဘာဆုံးတိုင် အရှည်ခံ့တည်ပါစေသော်"ကလည်းကောင်း၊ ဒုတိယဆုကို ကျောက်တန်းမြို့နယ်မှ သန်းဝင်းထွန်း(ဆွာ)၏ "တို့တစ်တွေ၏လွတ်လပ်ရေး " က လည်းကောင်း၊တတိယဆုကို ကြည့်မြင်တိုင်မြို့နယ်မှ ရွှေတိုင်လွင်၏ "လွတ်လပ်ရေးကို အစဉ်စောင့်ထိန်းဖို့ရာ မြန်မာတစ်မျိုးသားလုံး၏ဝန်တာ"က လည်းကောင်း၊ နှစ်သိမ့်ဆုများကို ဟင်္သာတမြို့မှ ရင်ငြိမ်းအေး (မေတ္တာမြေ)၏ "(၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို၊ အင်းစိန်မြို့နယ်မှ ရွှေဘုတ်(အင်းစိန်)၏ "လွတ်လပ်ရေးကို ထိန်းသိမ်းရန် တို့မှာ တာဝန်ရှိသည်၊ "မှော်ဘီမြို့နယ်မှ ဝင်းဇော်(သုံးဆယ်)၏ "လွတ်လပ်ရေးကို ထိပါးလာသူ မှန်သမျှ ဖယ်ရှားတိုက်ထုတ်ကာကွယ်ကြ " တို့က ရရှိကြသည်။

ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် မွန်းတည့် ၁၂ နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်၊ (ရွှေတိဂုံမြောက်ဘက်မုခ်၊ သွေးဆေးကန် အနောက်ဘက်)ရှိ ကြီးငါးကြီးဆုတောင်းပြည့်ဘုရားတွင် ကျင်းပမည်ဖြစ်သည်။

ဆုရသူများသည် ကိုယ်ရေးအချက်အလက် အပြည့်အစုံ (သတင်းနှင့်စာပေနယ်၌ ပါဝင်ခဲ့မှုအပါအဝင်) နှင့် မကြာမီကရိုက်ထားသည့် အပြာခံ နှစ်လက်မ၊ တစ်လက်မခွဲ ဓာတ်ပုံတစ်ပုံကို ကျင်းပရေးကော်မတီဝင် ဦးတင်အောင်စိုး ဖုန်း ဝ၉၅၁၉၄၈၆၄၊ ဦးဇော်မိုးညွန့် ဖုန်း ဝ၉၄၂ဝ၂၁၅၃၁၄၊ ဦးကျင်ထွန်းအောင် ဖုန်း ဝ၉၂၅၃၄၂၂၄၄ တို့သို့ ဇန်နဝါရီ ၄ နံနက်၁၁နာရီ အရောက် ဆက်သွယ် ပေးပို့ရမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❑ ရှေ့ဖုံးမှ

ယနေ့သည် မိမိတို့မြန်မာနိုင်ငံအတွက် မမေ့အပ်သည့် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ်အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်သည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည့်နေ့ ဖြစ်ပါကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့အထိ အသက်ခန္ဓာနှင့် သွေးချွေးများကို ပေးဆပ်ပြီး ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကဏ္ဍများတွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကိုအများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့် လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသော ပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ယခုကဲ့သို့ မင်္ဂလာရှိပြီး ထူးခြားလေးနက်သည့် အခါသမယတွင် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ထူးဆောင်ဘွဲ့များကို ဂုဏ်ပြုချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း။

ဂုဏ်ပြုချီးမြှင့်ပေးအပ်ခြင်းဖြစ်

နိုင်ငံတော်၏ အရေးအရာများနှင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် ခေတ်အဆက်ဆက်တွင်လည်း အမြင်တူခြင်း မတူခြင်း၊ မူဝါဒကွဲပြားခြင်း မကွဲပြားခြင်းများ ရှိခဲ့ပါကြောင်း၊ လက်ရှိအချိန်တွင်လည်း အမြင်တူခြင်း မတူခြင်း၊ မူဝါဒကွဲပြားခြင်း မကွဲပြားခြင်းများ ရှိနေပါသေးကြောင်း၊ ယခုနှစ်ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းသည် တိုင်းပြည်

စာမျက်နှာ ၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သတိုးမဟာသရေစည်သူဘွဲ့ရ ကာကွယ်ရေးဦးစီးချုပ် (ငြိမ်း) ဗိုလ်ချုပ်ကြီး သူရကျော်ထင်(ကိုယ်စား) ဦးသန့်ကျော် အား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် မဟာသရေစည်သူဘွဲ့ရ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် မဟာသရေစည်သူဘွဲ့ရ နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း) သူရ ဦးထွန်းတင် (ကိုယ်စား) သား ဦးရဲမြင့်ထွန်း အား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သရေစည်သူဘွဲ့ရရှိသူတစ်ဦး၏ ကိုယ်စားဖြစ်သူအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၃ မှ

လွတ်လပ်ရေးရရှိရန်နှင့် လွတ်လပ်ရေးကို အစွန့်ရှည် တည်တံ့ရေးအတွက် အသက်ခန္ဓာပေးဆပ်ခဲ့ကြသူများနှင့် ဂုဏ်ပြုချီးမြှင့်ထိုက်သူများအားလုံးကို ဂုဏ်ပြုချီးမြှင့် ပေးအပ်ခြင်းဖြစ်ပါကြောင်း။

**လွတ်လပ်ရေးကို အရယူနိုင်ခဲ့**

ယခုကဲ့သို့ နေ့ထူးနေ့မြတ်တွင် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ပေးအပ်ချီးမြှင့်သည့် အစဉ်အလာကောင်းများ ရှိခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည်မှာ တခဏတာအတွင်း ဆုံးရှုံးသွားနိုင်သော်လည်း လွတ်လပ်ရေး ရရှိနိုင်ရန် ကြာမြင့်စွာ ကြိုးပမ်းဆောင်ရွက်ရသည်ကို အားလုံး အသိပင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း လွတ်လပ်ရေး ပြန်လည်ရရှိရန်အတွက် နှစ်ပေါင်း (၁၀၀) ကျော် မိမိတို့မိဘဘိုးဘွားများ၏ အသက်၊ သွေး၊ ချွေး မြောက်မြားစွာစတေးပြီး အလွန်တရာ ခက်ခဲပင်ပန်းစွာ ကြိုးစားအားထုတ်ခဲ့ရသည့်အတွက် အလွယ်တကူရရှိခဲ့ခြင်း မဟုတ်သည်ကို မမေ့အပ်ပါကြောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ခေါင်းဆောင်မှုအောက်တွင် တိုင်းရင်းသားအားလုံး ဇွဲ၊ လုံ့လ၊ သတ္တိအပြည့်နှင့် စွန့်လွှတ်စွန့်စားပြီး ညီညီညွတ်ညွတ် ကြိုးပမ်းခဲ့ကြသဖြင့် လွတ်လပ်ရေးကို အရယူနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

**ပြည်သူအားလုံး၏ တာဝန်ပင်ဖြစ်**

ယခုကဲ့သို့ ရယူခဲ့ရသည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် ပြည်ထောင်စု မြန်မာနိုင်ငံသား အားလုံး၏ အသက်ခန္ဓာပင်ဖြစ်ပါကြောင်း၊ အမျိုးသား ခေါင်းဆောင်ကြီးများနှင့် ဘိုးဘေးဘီဘင် မျိုးချစ်ပုဂ္ဂိုလ်များ စွန့်လွှတ်စွန့်စား အားထုတ်ကြိုးပမ်းရယူခဲ့သည့် မြန်မာ့လွတ်လပ်ရေး အစဉ်ထာဝရ တည်တံ့နေစေရန်အတွက် ယခုကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များကို အလေးအနက်ခံယူပြီး တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် သွေးစည်းညီညွတ်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ လွတ်လပ်သည့် နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် တာဝန်သည် မိမိတို့ မြန်မာနိုင်ငံသားအားလုံး၊ တိုင်းရင်းသား ပြည်သူအားလုံး၏ တာဝန်ပင်ဖြစ်ပါကြောင်း။

**အစဉ်အလာကောင်းတစ်ရပ်ဖြစ်**

ယခုကဲ့သို့ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်စေရန် ဘက်စုံ၊ ထောင့်စုံမှ တည်ဆောက်သည့်နေရာတွင် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော် တည်ဆောက်ရေး တာဝန်များကို အများထက်ထူးကဲသာလွန်စွာ ကြိုးစားထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာကောင်း တစ်ရပ်ဖြစ်ပါကြောင်း။

စာမျက်နှာ ၅ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သရေစည်သူဘွဲ့ ရရှိသူတစ်ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ တစ်ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် စည်သူဘွဲ့ရရှိသူ တစ်ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီဟသူရဘွဲ့ရရှိသူ တစ်ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ တစ်ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သူရဘွဲ့ရရှိသူ တစ်ဦး၏ ကိုယ်စားဖြစ်သူအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

နိုင်ငံတော်အတွက် မိမိအသက်ခန္ဓာကိုပဓာနမထားဘဲ ကြံ့ခိုင်သည့်စိတ်ဓာတ်၊ စံတင်ထိုက်သည့် စွမ်းရည်၊ ဂုဏ်ယူထိုက်သည့် စွန့်စားခြင်းမျိုးဖြင့် ထူးထူးချွန်ချွန်ဆောင်ရွက်ခဲ့သည့် ဂုဏ်ပြုသင့် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့က ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်နှင့် ၂၀၁၄ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖြည့်စွက်ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီး ထောက်ခံတင်ပြချက်များအရ ယခုကဲ့သို့ ဂုဏ်ပြုချီးမြှင့် အပ်နှင်းခြင်းအခမ်းအနား ကျင်းပပြုလုပ်ချီးမြှင့်ရခြင်းဖြစ်ပါကြောင်း။

### လက်ရောက်ချီးမြှင့်သွားမည်

ယခုနှစ်တွင် ၂၀၂၂ ခုနှစ်အတွင်း ချီးမြှင့်ခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူ (၇၄၄) ဦးကို ဂုဏ်ယူစွာဖြင့် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အခမ်းအနား ပထမနေ့တွင် အဂ္ဂမဟာသီရိသုဓမ္မဘွဲ့ရရှိသူ (၃)ဦး၊ သတိုး သီရိသုဓမ္မဘွဲ့ရရှိသူ (၁) ဦး၊ အဂ္ဂမဟာသရေစည်သူဘွဲ့ရရှိသူ (၄) ဦး၊ သတိုးမဟာသရေစည်သူဘွဲ့ရရှိသူ (၂) ဦး၊ မဟာသရေစည်သူဘွဲ့ရရှိသူ (၆) ဦး၊ သရေစည်သူဘွဲ့ရရှိသူ (၁၁) ဦး၊ စည်သူဘွဲ့ရရှိသူ (၇၈) ဦး၊ သီဟသူရဘွဲ့ရရှိသူ (၁) ဦး၊ သူရဘွဲ့ရရှိသူ (၄) ဦး၊ ဇေယျကျော်ထင်ဘွဲ့ရရှိသူ (၅၀) ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ (သံအမတ်ကြီးများ) (၂၈) ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ (အကြံပေးပုဂ္ဂိုလ်) (၈) ဦး၊ စုစုပေါင်း (၂၀၆) ဦးတို့ကို လက်ရောက် ချီးမြှင့်သွားမည် ဖြစ်ပါကြောင်း။

### လေးစားဂုဏ်ယူ

ယခုရရှိခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များသည် မိမိတို့ ဖြတ်သန်းခဲ့ရသည့် ခက်ခဲကြမ်းတမ်းသော ဘဝကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြသည့် မိမိတို့စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံခဲ့ရသော သင်္ကေတအမှတ်အသား တစ်ခုဖြစ်သည့်အတွက် ယနေ့အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ခြင်း မပြုနိုင်တော့သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း သားစဉ်မြေးဆက် ဂုဏ်ယူစရာဖြစ်ပါကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူများကိုယ်စား လေးစားဂုဏ်ယူပါကြောင်း အလေးအနက်ပြောကြားလိုပါကြောင်း၊ မိဘ၊ ဘိုး၊ ဘွားများ၏ နိုင်ငံတော်အတွက် ဆောင်ရွက်ခဲ့သည့် ကြီးမြတ်သောဂုဏ်ကို ဆက်လက်စောင့်ထိန်းပေးရန်လည်း ပြောကြားလိုပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ ရရှိသူ တစ်ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဇေယျကျော်ထင်ဘွဲ့ ရရှိသူ တစ်ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။

**“ယခုကဲ့သို့ တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်စေရန် ဘက်စုံ၊ ထောင့်စုံမှ တည်ဆောက်သည့်နေရာတွင် နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော် တည်ဆောက်ရေး တာဝန်များကို အများထက်ထူးကဲသာလွန်စွာ ကြိုးစားထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာကောင်းတစ်ရပ်ဖြစ်”**

### ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်

ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း၊ မိမိတို့၏ ဘဝတစ်သက်တာအတွင်း တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို ယခုကဲ့သို့ မှတ်တမ်းတင် ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသကဲ့သို့ ဆက်လက်ပြီး အနာဂတ်ကာလတွင်လည်း နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ သားစဉ်မြေးဆက်များကိုပါ ယခုကဲ့သို့ ကြိုးပမ်းဆောင်ရွက်စေရန် စံနမူနာကောင်းများပြကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိသူ တစ်ဦးအား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၆ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၅ မှ*

“ယခုရရှိခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များသည် မိမိတို့ ဖြတ်သန်းခဲ့ရသည့် ခက်ခဲကြမ်းတမ်းသော ဘဝကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ကြသည့် မိမိတို့ စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်း ခံခဲ့ရသော သင်္ကေတအမှတ်အသားတစ်ခုဖြစ်သည့်အတွက် ယနေ့အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ခြင်း မပြုနိုင်တော့သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း သားစဉ်မြေးဆက် ဂုဏ်ယူစရာဖြစ်ပါကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူများကိုယ်စား လေးစားဂုဏ်ယူ”

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် က ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ပေးအပ်ရာ အဂ္ဂမဟာသီရိသုဓမ္မဘွဲ့နှင့် အဂ္ဂမဟာသရေစည်သူဘွဲ့ ရရှိကြသည့် နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း) ဦးနု (ကိုယ်စား) သမီး ဒေါ်သန်းသန်းနု ကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးစန်းယု (ကိုယ်စား) သမီး ဒေါ်လဲ့လဲ့ယု ကိုလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း) ဗိုလ်ချုပ်မှူးကြီး စောမောင် (ကိုယ်စား) သား ဦးသီဟစော ကိုလည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုစည်သူ သင်္ဂဟဘွဲ့ဖြစ်သည့် အဂ္ဂမဟာသရေစည်သူဘွဲ့ရရှိသည့် နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း) ဦးနေဝင်း (ကိုယ်စား) သမီး ဒေါက်တာ ခင်စန္ဒာဝင်း ကိုလည်းကောင်း၊ သတိုးမဟာသရေစည်သူဘွဲ့ ရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ် (ငြိမ်း) ဗိုလ်ချုပ်ကြီး သူရကျော်ထင် (ကိုယ်စား) ဦးသန့်ကျော် ကိုလည်းကောင်း၊ မဟာသရေစည်သူဘွဲ့ ရရှိကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း) ဦးဗဆွေ (ကိုယ်စား) သမီး ဒေါ်နေရည်ဗဆွေ၊ နိုင်ငံတော်ဝန်ကြီးချုပ် (ငြိမ်း) သူရ ဦးထွန်းတင် (ကိုယ်စား) သား ဦးရဲမြင့်ထွန်း၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး အေးကို (ငြိမ်း) (ကိုယ်စား) မြေး ဒေါ်မေသက်ကျော်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းရီ (ငြိမ်း) (ကိုယ်စား) သား ဦးဇော်ထွန်းနှင့် ဒုတိယဝန်ကြီးချုပ် (ငြိမ်း) ဦးကျော်ငြိမ်း (ကိုယ်စား)သမီး ဒေါ်ချိုချိုကျော်ငြိမ်းတို့ကို လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သရေစည်သူဘွဲ့၊ စည်သူဘွဲ့၊ သီဟသူရဘွဲ့၊ သူရဘွဲ့၊ ဇေယျကျော်ထင်ဘွဲ့၊ ဝဏ္ဏကျော်ထင် ဘွဲ့ရရှိကြသူများကို ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ထူးဆောင်ဘွဲ့ ရရှိသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ဆိုင်ရာ အသိပညာပေးသင်တန်းပို့ချ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ် (၃) ပို့ချပွဲကို ဇန်နဝါရီ ၁ ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာက အဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်မေသန်းက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၏ ဖွင့်ဆိုချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ အခွန်တိမ်းရှောင်သူများ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲခံရနိုင်သည့်အကြောင်းနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာတို့ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းသားများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားပြီး အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့်အတွင်းရေးမှူး ဦးဝင်းမြင့်တို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ သင်တန်းသို့ သင်တန်းသူ သင်တန်းသား ၆၆ ဦး တက်ရောက်ပြီး သင်တန်းအမှတ်စဉ် (၄) ကိုဖေဖော်ဝါရီ ၁ ရက်တွင် ထပ်မံဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

## မြဝတီမြို့၌ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲများကျင်းပ

**မြဝတီ ဇန်နဝါရီ ၁**

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် မြဝတီမြို့ရှိ ကရင်ထာဝရ နှစ်သစ်ကူးကွင်း အဝင်လမ်း ကွန်ကရစ်လမ်းသစ်နှင့် အမှတ် (၄) ရပ်ကွက် (မြန်မာနန်းကွက်သစ်) ဇော်ဂျီလမ်းသွယ် (၁) လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲများကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကား ပြောကြားသည်။

ထို့နောက် ကရင်ထာဝရ နှစ်သစ်ကူး ကွင်းအဝင်လမ်း ကွန်ကရစ်လမ်းသစ်ကို တောင်ကလေးအေးရိပ်သာကျောင်းဆရာတော် ဦးအဂ္ဂဝံသ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အမှတ် (၄) ရပ်ကွက် (မြန်မာနန်းကွက်သစ်)၊ ဇော်ဂျီလမ်းသွယ် (၁) လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက လမ်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

## လုပ်ငန်းခွင် မတော်တဆမှုအတွက် အကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

**ပေါင်းတည် ဇန်နဝါရီ ၁**

ပေါင်းတည်မြို့နယ်၌ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်မတော်တဆ ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးမှုများအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်များ ထုတ်ပေးခြင်းအခမ်းအနားကို ယမန်နေ့က မြို့နယ်လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီးရုံး တိုင်းတာဝန်ခံအရာရှိ ဦးဝင်းစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားပြီး ပေါင်းတည်မြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးက လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော လုပ်ငန်းခွင်တွင် မတော်တဆ ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးသူ မြို့နယ်လျှပ်စစ် (ပုတီးကုန်း ) အလုပ်ဌာနမှ အာမခံအလုပ်သမား ဦးပြည့်ဖြိုးမောင်အတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၈၁ သိန်းအား ဦးပြည့်ဖြိုးမောင်၏ ဇနီး ဒေါ်သက်သက်ထွေးအား ပေးအပ်သည်။

ဆက်လက်၍ လူမှုဖူလုံရေးအဖွဲ့ ပဲခူးတိုင်းဒေသကြီး ရုံးတိုင်းတာဝန်ခံအရာရှိ ဦးဝင်းစိုးက လူမှုဖူလုံရေးရုံးတွင်အကျုံးဝင် မှတ်ပုံတင်ထားသော လုပ်ငန်းခွင်တွင် မတော်တဆ ထိခိုက်ဒဏ်ရာရရှိ၍ သေဆုံးသူ မြို့နယ်လျှပ်စစ်( ပုတီးကုန်း)အလုပ်ဌာနမှ အာမခံအလုပ်သမား ဦးမြတ်သီဟအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ငွေကျပ် ရှစ်ဆယ့်တစ်သိန်းကျပ်ကို ဦးမြတ်သီဟ၏ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်မူအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရကြီး(မြန်/ဆက်)**

“နိုင်ငံအရေးမှာ ကိုယ့်ပြည်တွင်းအရေးမှာ ပြည်ပက ပါဝင်နေသမျှကာလပတ်လုံး တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ဆိုတာ တော်တော်ခက်ပါတယ်။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်ပါတယ်။ တခြားပြည်ပနိုင်ငံတွေကနေပြီးတော့ ဝင်ရောက်စွက်ဖက်ပြီး ဆုံးဖြတ်ရအောင် ဆောင်ရွက်ပေးလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ မြန်မာနိုင်ငံရဲ့အရေးကို မြန်မာနိုင်ငံသားတွေပဲ ဆုံးဖြတ်ဖို့ဖြစ်မယ်။”

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၂-၅-၂၀၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၂) တွင် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**



ပြည်ထောင်စုတိုင်းရင်းသားများ ဓာတ်ပုံ - စိုင်းထွန်းနေလှိုင်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား တိုင်းဒေသကြီးနှင့် ပြည်နယ်(အလွတ်တန်းဖိတ်ခေါ်) မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၁

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး(အလွတ်တန်းဖိတ်ခေါ်) မြန်မာ့သိုင်းပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက်ကျင်းပသည်။**



ပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် Jeng Phang နော်တောင်၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(အောက်ပုံ)**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ (အမျိုးသား/ အမျိုးသမီး) ဝိတ်တန်းအလိုက် ဗန်တိုအတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ ဒိုင်ဆရာကြီးများနှင့် သိုင်းပညာရှင်ဆရာကြီးများက လည်းကောင်း၊ အမျိုးသမီး (၄၉–၅၃)ကီလိုတန်းပြိုင်ပွဲနှင့် အမျိုးသား/ အမျိုးသမီး (၄၅–၅၀)ကီလို ဓား တစ်လက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်ခင်လေးမွန်က လည်းကောင်း၊ အမျိုးသား/ အမျိုးသမီး (၄၀–၄၅) ကီလို ဓား တစ်လက်ပြိုင်ပွဲနှင့် (အမျိုးသမီး) တစ်ကိုယ်တော် လှံရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းဦးက လည်းကောင်း။

(အမျိုးသား / အမျိုးသမီး) တစ်ကိုယ်တော် တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲနှင့် (အမျိုးသား) တစ်ကိုယ်တော်လှံရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့ကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်းက လည်းကောင်း၊ အမျိုးသား(၄၉–၅၃)ကီလို ဗန်တိုအတိုက်ပြိုင်ပွဲနှင့် (အမျိုးသား/ အမျိုးသမီး) တစ်ကိုယ်တော် ဓားတစ်လက်၊ ဓားနှစ်လက် စွမ်းရည်ပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက လည်းကောင်း၊ (အမျိုးသား/ အမျိုးသမီး) ဝိတ်တန်းအလိုက် ဗန်တိုအတိုက်ပြိုင်ပွဲနှင့် အမျိုးသား(၄၅–၅၀)ကီလို ဓားတစ်လက် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိခဲ့ကြသူများကို မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်က လည်းကောင်း။

(အမျိုးသား / အမျိုးသမီး) တစ်ကိုယ်တော် လက်သိုင်း စွမ်းရည်ပြပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိခဲ့ကြသူများနှင့် (အမျိုးသား/အမျိုးသမီး) ဓားအတိုက်ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု ရရှိသည့် အောင်ပြည့်သူ (ရန်ကုန်)နှင့် လဲ့လဲ့ဝင်း (ရှမ်း)၊ (အမျိုးသား/ အမျိုးသမီး) လက်သိုင်းပြိုင်ပွဲတွင် တစ်ကိုယ်တော် လက်သိုင်းပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိခဲ့ကြသည့် စံလင်း (ဧရာဝတီ)နှင့် မာရီနာ(ရန်ကုန်)တို့ကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က တစ်ဦးချင်း ဆုဆွဲပြား၊ ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ရွှေလေးခု၊ ငွေလေးခု၊ ကြေးနှစ်ခုတို့ဖြင့် အမျိုးသားတံခွန်စိုက်ဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ရွှေ ငါးခု၊ ငွေငါးခု၊ ကြေးနှစ်ခု တို့ဖြင့် အမျိုးသမီးတံခွန်စိုက်ဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့ကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း၊ ရွှေ ခုနစ်ခု၊ ငွေ ကိုးခု၊ ကြေးလေးခု တို့ဖြင့် စုပေါင်းတံခွန်စိုက်ဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် Jeng Phang နော်တောင်က လည်းကောင်း တံခွန်စိုက်ဆုများပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**


ဆက်လက်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလားပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) ပြေးခုန်ပစ်ပြိုင်ပွဲ ပထမနေ့နှင့် ဒုတိယနေ့ပွဲစဉ်များတွင် (အမျိုးသား) သံပြားဝိုင်းပစ်နှင့် (အမျိုးသမီး) မီတာ ၁၀၀၀၀ ပြိုင်ပွဲ အမျိုးအစားများ၌ ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က လည်းကောင်း၊ (အမျိုးသား) မီတာ ၁၀၀၀၀၊ အမျိုးသား ၂၀ ကီလိုမီတာ လမ်းလျှောက်၊ အမျိုးသမီး ၁၀ ကီလိုမီတာ လမ်းလျှောက်နှင့် (အမျိုးသား/အမျိုးသမီး) ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ အမျိုးအစားများတွင် ဆုရရှိကြသူများကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# နှစ်သစ်ကူးကာလအတွင်း မန္တလေးမြို့ပေါ်၌ ယုတ်မာရက်စက်သော အကြံဖြင့် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ဆောင်မည့် တရားခံများအား ဖောက်ခွဲရေးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား




◆ *ကျောဖုံးမှ*

အများပြည်သူများ စုဝေးလျက်ရှိသည့် နေရာများတွင် ယုတ်မာ ရက်စက်သော အကြံဖြင့် ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်ရန် စီစဉ်လျက် ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းတွင် ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် ၄၈ x ၄၉ လမ်းကြား ၁၀၆ x ၁၀၇ လမ်းကြား၌ Mandalay Young Force (MYF) အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော **ကျော်မင်းခန့်၊ ဟိန်းထက်အောင် (ခ) ကိုဟိန်း** တို့ နှစ်ဦးကို PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်ရီမုမိုင်း ငါးလုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံ ကျော်မင်းခန့်၏ ထွက်ဆိုချက်အရ ယင်းနေ့ ညပိုင်း၌ အမရပူရမြို့နယ် မှန်တန်းရပ်ကွက် အာရှဘဏ်လမ်းနှင့် သံလမ်းဆုံအနီးတွင် **ယမင်းကို** အား လည်းကောင်း၊ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက် ၂၃ x ၆၂ လမ်းဆုံအနီးတွင် ဝက်လက် PDF အမည်ခံ အကြမ်းဖက် အဖွဲ့ဝင်များဖြစ်သော **အောင်ထက်ကျော် (ခ)တိုက်ဂါး** နှင့် **ရဲသူစံ** တို့ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဖမ်းဆီးရမိ တရားခံ အောင်ထက်ကျော် (ခ)တိုက်ဂါး၏ ထွက်ဆိုချက်အရ ယင်းနေ့ ညပိုင်း၌ လက်လုပ်မိုင်းများ ထည့်ထားသော သက်နှင်းခြင်း တစ်ခြင်းအား စစ်ကိုင်းတိုင်းဒေသကြီး ဘက်မှ တစ်ဆင့် ချမ်းအေးသာဇံမြို့နယ် ၂၉ x ၈၀ လမ်းထောင့်ရှိ မလွန်ကျောင်းတိုက်သို့ ပို့ဆောင်ထားကြောင်း ဖော်ထုတ် သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ကျောင်းတိုက်သို့ သွားရောက် ရှာဖွေခဲ့ရာ ကျောင်းထိုင် ဆရာတော် **ဦးအိန္ဒြာစက္က(ခ)အေးကို** အား သက်နှင်းခြင်းအတွင်း၌ ထည့်ထားသော PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ခြောက်လုံး၊ အချိုရည်ဘူးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း လေးလုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ဖမ်းဆီးရမိ တရားခံ အောင်ထက်ကျော် (ခ)တိုက်ဂါးနှင့် ကျော်မင်းခန့်တို့၏ ထွက်ဆိုချက်များအရ ပြည်ကြီးတံခွန်မြို့နယ် ဇီးအုပ်ရပ်ကွက်၌ Mandalay Young Force (MYF) အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သည့် **ထက်အောင်လင်း၊ လင်းလင်း(ခ) ဖက်တီး ၊ မိုးမြင့်သူ၊ နေသူရိန် (ခ) အောင်ပြည့်ဖြိုး၊ လှိုင်မျိုးဝင်း၊ ရန်ပိုင်ထွန်း (ခ) စော်ဘွား၊ အံ့ဖုန်းခန့်** နှင့် **အာကာဖြိုး (ခ) စောကာကာ** တို့ကို တရုတ်ကြိုးဆွဲ လက်ပစ်ဗုံး နှစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ထိုသို့ဖမ်းဆီးစဉ် တရားခံ **လှိုင်မျိုးဝင်း** နှင့် **အာကာဖြိုး (ခ) စောကာကာ** တို့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုင်ဆောင်ထားသည့် လက်နက်ကို လုယူထွက်ပြေးရန် ကြိုးပမ်းသဖြင့် ခြောက်လှန့်ပစ်ခတ် ဖမ်းဆီးခဲ့ရာ **လှိုင်မျိုးဝင်း** အား ဘယ်ပေါင်ကျည်ထိမှန်ဒဏ်ရာ(မစိုးရိမ်ရ) ဖြင့် လည်းကောင်း၊ **အာကာဖြိုး (ခ)စောကာကာ** အား ဝဲရင်ဘတ်ကျည်ရှပ်မှန်ဒဏ်ရာ (မစိုးရိမ်ရ) ဖြင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဖမ်းဆီးရမိ တရားခံ အောင်ထက်ကျော် (ခ)တိုက်ဂါး နှင့် ကျော်မင်းခန့်တို့၏ ထွက်ဆိုချက်များအရ ကွင်းဆက်တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ်ရှိ APP ဖုန်းပြုပြင်ရေးဆိုင်၌ **သာထက်ခန့်** ကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၅)ရပ်ကွက်၌ **မျိုးသူအောင်** ကိုလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ၁၄ ဦး၊ မ ၂ ဦး စုစုပေါင်း ၁၆ ဦးတို့အား PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်ရီမုမိုင်း ၁၁ လုံး၊ အချိုရည်ဘူးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း လေးလုံး၊ တရုတ်ကြိုးဆွဲလက်ပစ်ဗုံး နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ Mandalay Young Force (MYF) နှင့် *စာမျက်နှာ ၉ သို့*





၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်တွင် ချမ်းအေးသာဇံမြို့နယ် ၂၉ လမ်းနှင့် လမ်း ၈၀ ထောင့်ရှိ မလွန်ကျောင်းတိုက်၌ တရားခံ ဦးအိန္ဒြာစက္က(ခ)အေးကိုထံမှ သက်နှင်းခြင်းအတွင်း ပုံဖျက်သိုဝှက်ထားသည့် လက်လုပ်မိုင်းများ၏ မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၈ မှ*

ဝက်လက် PDF အမည်ခံ အကြမ်းဖက် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် စည်ပင်သာရပ်ကွက်၊ ၂၂ x ၈၇ လမ်းကြားရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ၈၀ x ၉ လမ်းထောင့်ရှိ အမှတ်(၄) ရဲစခန်းတို့ကိုလည်းကောင်း၊ အမရပူရမြို့နယ်ရှိ ကပ်ကျော်ဘုရားနှင့် တောင်သမန်အင်းတို့ကိုလည်းကောင်း၊ အောင်မြေသာစံမြို့နယ် “ရတနာပုံ” တိရစ္ဆာန်ဥယျာဉ်နှင့် ကျုံးပတ်လည်ရှိ လူစည်ကားရာ နေရာများကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ Ocean Center နှင့် နှစ်သစ်ကူးကာလ ပျော်ပွဲရွှင်ပွဲပြုလုပ်မည့် ချမ်းအေးသာဇံမြို့နယ် “မန္တလာသီရိ” ဘောလုံးကွင်းတို့ကိုလည်းကောင်း ယုတ်မာရက်စက်သောအကြံဖြင့် အပြစ်မဲ့ ပြည်သူများ သေကျေပျက်စီးစေရန် ရည်ရွယ်လျက် ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်နေမှုကို အကြမ်းဖက်မှုကို မလိုလားသော တာဝန်သိ ပြည်သူများ၏ သတင်းပေးပို့မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကွက်ပြည့်နှင်းရှာဖွေ စစ်ဆေး ဖော်ထုတ်မှုတို့ကြောင့် အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးရေး မဆောင်ရွက်နိုင်မီ အချိန်မီ ကြိုတင်သတင်း လက်ဦးမှုရယူကာ ဖမ်းဆီးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

**အကြမ်းဖက်သမားများ အနေဖြင့် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါကာလ၌ အောက်ဆီဂျင်အိုးများအတွင်း လက်နက်၊ ခဲယမ်းများ သိုဝှက်သယ်ဆောင်ခဲ့သည်။ ယခုဖြစ်စဉ်၌လည်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ တန်ဖိုးထားသည့် သင်္ကန်းခြင်းအတွင်း ဖောက်ခွဲရေး ပစ္စည်းများ သိုဝှက်၍ ယုတ်မာရက်စက်သော စိတ်ဓာတ်ဖြင့် အဖျက်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သတိပြုဖွယ် တွေ့ရှိရသည်။**

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အကြမ်းဖက်မှု ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာ နေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန်မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် ဇီးအုပ်ရပ်ကွက်၌ တရားခံများနှင့်အတူ သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ငဖဲမြို့နယ် တောင်ပေါ်ဒေသ ကျေးရွာများ၌ ဘိန်းစိုက်ခင်း ၄ ဒသမ ၂၅ ဧကခန့်တွေ့ရှိ၍ ဝိုင်းဝန်းဖျက်ဆီး

**ငဖဲ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် ဘိန်းစိုက်ရာသီကာလ၌ ဘိန်းစိုက်ပျိုးမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးဖျက်ဆီးမှု ဆောင်ရွက်နိုင်ရန်အတွက် တောင်ပေါ်ဒေသ ကျေးရွာအုပ်စုများ အတွင်းရှိ ဘိန်းစိုက်ခင်းများကို ဒီဇင်ဘာ ၂၆ ရက်မှ စတင်၍ ပူးပေါင်းစစ်ကြောင်းအဖွဲ့များက သွားရောက်ဖျက်ဆီး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၁ ရက်က ပဘဲကျေးရွာအုပ်စု မကန်းကျေးရွာနှင့် ရှောက်ရင်းကျေးရွာတို့တွင် ဘိန်းစိုက်ခင်း ၄ ဒသမ ၂၅ ဧကခန့်အား ရှာဖွေတွေ့ရှိ၍ ဝိုင်းဝန်းဖျက်ဆီးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဖျက်ဆီးရာတွင် ငဖဲမြို့နယ် နယ်မြေခံတပ်မှတပ်ဖွဲ့ဝင်များနှင့် ငဖဲမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး အောင်စောဦး ဦးစီးသော ပူးပေါင်း စစ်ကြောင်းအဖွဲ့(၁)သည် ယမန်နေ့က ပဘဲကျေးရွာအုပ်စု မကန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာ၏ ပတ်ဝန်းကျင်အား ရှာဖွေရှင်းလင်းရန် ထွက်ခွာခဲ့ရာ ကျေးရွာ၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာ တောင်စောင်းတွင် စိုက်ပျိုးထားသော ဘိန်းပင်သီးပွင့်ဆဲ အမြင့် နှစ်ပေခန့်ရှိ ဘိန်းခင်း နှစ်ဧကခန့်နှင့် နယ်မြေခံတပ်ဖွဲ့ဝင်များနှင့် ငဖဲမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စခန်းမှူး ဒုရဲမှူး ဇော်ဝင်း ဦးစီးသော ပူးပေါင်း စစ်ကြောင်းအဖွဲ့(၂)သည် ရှောက်ရင်းကျေးရွာ၏ တောင်ဘက် သုံးမိုင်ခန့်အကွာ တောင်စောင်းတွင် စိုက်ပျိုးထားသော ဘိန်းပင်သီးပွင့်ဆဲ အမြင့် သုံးပေခန့်ရှိ ဘိန်းခင်း နှစ်ဧကခန့်နှင့် လေးမိုင်ခန့်အကွာတွင် ဘိန်းပင် အမြင့် တစ်ပေခန့်ရှိ ဘိန်းခင်း ဒသမ ၂၅ ဧကခန့် စုစုပေါင်း ဘိန်းခင်း ၄ ဒသမ ၂၅ ဧကခန့်ကို ရှာဖွေတွေ့ရှိ၍ ဝိုင်းဝန်းပူးပေါင်း ဖျက်ဆီးခဲ့ကြသည်။

အဆိုပါ ပူးပေါင်းစစ်ကြောင်း အဖွဲ့များသည် ငဖဲမြို့နယ် တောင်ပေါ်ဒေသကျေးရွာများတွင် ဒီဇင်ဘာ ၂၆ ရက်မှ ၃၁ ရက်အထိ ခြောက်ရက်ကြာ ဘိန်းခင်းစုစုပေါင်း ၂၁ ဒသမ ၂၅ ဧကခန့် ဝိုင်းဝန်း ပူးပေါင်း၍ ဖျက်ဆီးကာ ဒေသခံ တောင်သူများအား ဘိန်းအစားထိုး သီးနှံများ စိုက်ပျိုးဆောင်ရွက်ရေး အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မယု(ငဖဲ)**

## တရားမဝင် လူသုံးကုန်၊ မော်တော်ကားပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ ဖမ်းဆီးရမိ


**နေပြည်တော် ဇန်နဝါရီ ၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန် စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်ဝန်စည်အတွင်းမှ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသော Hot Metal Detector သုံးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်တင်သွင်းခွင့် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသော Solar Invertor အပိုပစ္စည်း ၄၂ ခု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့်ကိုက်ညီမှုမရှိသော Synthetic PU Footwear အရန် ၂၄၀၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)နှင့် သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသော Recond–ationed Gear Box တစ်လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သိန္နီမြို့နယ် ပန်စုံကျေးရွာ မိုင်တိုင်(၂၀၁)မိုင်အနီးရှိ ရှောင်ကွင်းလမ်း၌ ပိုင်ရှင်မဲ့စုပုံထားသော အကောက်ခွန်မဲ့ Laptop အဟောင်း ၁၁၁ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၆၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၃၀ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ငါးမှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၅၆၀၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**





ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Past Perfect Continuous Tense (အတိတ်ဖြစ်ပြီးဖြစ်ဆဲကာလ) ရဲ့ Form (ပုံစံ) ကို ဖော်ပြလိုက်ပါတယ်။ ဒါတင်ပဲလား ဆိုတော့ မဟုတ်ပါဘူး။ ပိုပြီး ကျွမ်းကျွမ်းကျင်ကျင်ဖြစ်စေဖို့ သူနဲ့သက်ဆိုင်တဲ့ လေ့ကျင့်ခန်းတွေကိုလည်း စုံစုံလင်လင်ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about what's the matter?" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူစကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း နှစ်သစ်မှာ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်တစ်ပတ်က ဖော်ပြခဲ့တဲ့ Past Perfect Continuous Tense (အတိတ်ဖြစ်ပြီးဖြစ်ဆဲ ကာလ) အကြောင်းနဲ့ပတ်သက်ပြီး သူ့ရဲ့ Form (ပုံစံ) ကို ဖော်ပြလိုက်ပါတယ်။ ထို့အတူ Past Perfect Continuous Tense (အတိတ်ဖြစ်ပြီးဖြစ်ဆဲကာလ) အကြောင်း ပိုမို နားလည်သဘောပေါက်စေဖို့ လေ့ကျင့်ခန်းများလည်း ဖော်ပြလိုက်ပါတယ်။

**Form of Past Perfect Continuous Tense (အတိတ်ဖြစ်ပြီးဖြစ်ဆဲကာလ ဖွဲ့စည်းပုံ)**

| | | | | |
|---|---|---|---|---|
| I/We/You/ They/ He/She/It | **had** | (= I'**d** etc.) (= he'**d** etc.) | **been** | do**ing** work**ing** play**ing** etc. |

အခုဆိုရင် Past Perfect Continuous Tense (အတိတ်ဖြစ်ပြီးဖြစ်ဆဲကာလ) အကြောင်းအတော်လေးနားလည်သွားပြီလို့ ယုံကြည်ပါတယ်။ ဒါကြောင့် လေ့ကျင့်ခန်းလေးတွေ လုပ်ကြည့်ရအောင်။

**Exercise (1) Read the situations and make sentences using the words in brackets.**

1. Tom was very tired when he got home.
   (He/ work/ hard all day) **He'd been working hard all day.**
2. The children came into the house. They had a football and they were both very tired.
   (They/ play/ football)
   …………………………………………
3. I was disappointed when I had to cancel my holiday.
   (I/ look/ forward to it)
   …………………………………………
4. Anna woke up in the middle of the night. She was frightened and didn't know where she was. (She/ have/ a bad dream)
   …………………………………………
5. When I got home, Mark was sitting in front of the TV. He had just turned off.
   (He/ watch/ a film)
   …………………………………………

**Exercise (2) Read the situation and complete the sentences.**

1. We played tennis yesterday. We didn't finish our game.
   ……**We'd been playing**……… (We/play) for half an hour when …**it started**…… (it/start) to rain.
2. I had arranged to meet Tom in a restaurant. I arrived and waited for him to come. ……………… (I/ wait) for 20 minutes when …………(I/ realise) that …………… (I/be) in the wrong restaurant.
3. Sarah worked in a company for a long time. The company no longer exists. At the time the company ………(go) out of business, Sarah ………(work) there for twelve years.
4. I went to a concert. Soon after the orchestra began playing, something strange happened. The orchestra ………..(play) for about ten minutes when a man in the audience suddenly ……………… (start) shouting.

**Make your own sentence:**

5. I began walking along the road. I ………..when ………………

**Exercise (3) Which is right?**

1. It was noisy next door last night. Our neighbours <u>were having/had been having a party</u>. (**were having is correct**)
2. At the end of our journey we were extremely tired. <u>We were travelling/We'd been travell ing</u> for more than 24 hours.
3. James was on his hands and knees on the floor. <u>He was looking/He'd been looking</u> for his contact lens.
4. Sue was sitting on the ground. She was out of breath. <u>She was running/She'd been running</u>.
5. John and I went for a walk. <u>He was walking/He'd been walking</u> very fast and I had diffi-culty keeping up with him.

**Exercise (4) Put the following sentences into Indirect Speech beginning with the expressions given. Use the Past Perfect Continuous tense.**

1. "I have been learning how to swim." He said that …..
   **He said that he had been learning how to swim.**
2. "I have been weeding my garden." She said that ….
   …………………………………………
3. "We have been playing in the rain." They said that ….
   …………………………………………
4. "I have been sewing a dress." She said that ….
   …………………………………………
5. "The monkey has been eating peanuts." He said that …
   …………………………………………

## VOCABULARY (SYNONYMS)

1. **pathetic = pitiful (သနားစဖွယ်ကောင်းသော)**
2. **peculiar = odd (တစ်မူထူးခြားသော)**
3. **penetrate = pierce (ထိုးထွင်းသိမြင်သည်။ ထိုးဖောက်သည်။)**
4. **perceive = see (လေ့လာသည်။ သိမြင်သည်။)**
5. **persuade = coax (အပျော့ဆွဲဖြင့်ရအောင်လုပ်သည်။ ဘဝင်ကျစေသည်။ ဖြားယောင်းသည်။)**

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "What's the Matter"

ဒီတစ်ပတ်မှာတော့ What's the matter? ဘာဖြစ်တာလဲဆိုတဲ့အကြောင်းနဲ့ပတ်သက်ပြီး ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းထားသလဲဆိုတာတွေကို "Shortest way to talk about "What's the matter?" ဆိုပြီးဖော်ပြလိုက်ပါတယ်။

***going to + Vinf***

၁။ မကြာမီအချိန်အတွင်းမှာ ဖြစ်တော့မယ်ဆိုပြီး ပြောရင် အခုလို going to + Vinf နဲ့ပြောနိုင်ပါတယ်။ ဥပမာ –

- I'm going to take a nap.
- We're going to have a great time together.

***How long has this been going on?***

၂။ ဒါဖြစ်နေတာဘယ်လောက်ကြာပြီလဲဆိုပြီးပြောရင်တော့ အခုလိုပြောနိုင်ပါတယ်။ How long has this been going on? ဒီစကားပြောပုံစံကို အကြောင်းအရာတစ်ခုခု ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲဆိုပြီး မေးရင်း သုံးလေ့ရှိပါတယ်။ ဥပမာ –

- Mary: It's all because the management got carried away and took on too much debt.
  Alice: How long has this been going on?

***Easier said than done***

၃။ အပြောလွယ်သလောက်အလုပ်ခက်။ သို့မဟုတ် အငိုလွယ်သလောက် အရှိုက်ခက်။ ဆိုတဲ့ပုံစံမျိုး ပြောချင်ရင်တော့ Easier said than done ဆိုပြီး ပြောနိုင်ပါတယ်။ ဥပမာ –

- Alice: I won't breathe a word. And stop worrying. Things always have a way of working out. Don't take life too seriously. Sometimes you just have to laugh at your problems.
  Mary: Easier said than done. It seems like everything's happening at once.

**Conversation**

**What's the matter?**

Alice: Mary, want to go out with me and Nora tonight? **We're going to have a great time together.**

Mary: I don't want to be a killjoy, I'm just not in the mood to go out.

Alice: You sure haven't been too happy lately. Is anything the matter?

Mary: I'm feeling on edge these days. There are rumors that there may be some layoffs at my company at the end of the month.

Alice: I can understand that. Nobody likes uncertainty, that's for sure.

Mary: Especially when you might end up without a job.

Alice: That's really too bad. So, what's the story?

Mary: It's all because the management got carried away and took on too much debt.

Alice: **How long has this been going on?**

Mary: For some time as it turns out. I'm worried sick about my job.

Alice: Don't worry too much. You have great qualifications and skills, so you shouldn't have any trouble finding another job.

Mary: But I don't want another job. This one is perfect. I love that it's so close to my home. And please don't tell anyone, Alice.

Alice: I won't breathe a word. And stop worrying. Things always have a way of working out. Don't take life too seriously. Sometimes you just have to laugh at your problems.

Mary: **Easier said than done.** It seems like everything's happening at once.

Alice: Why, is something else wrong?

Mary: Yeah, I'm having trouble with my car, and I can't really afford any big repairs right now. I have to tighten my belt.

Alice: I know a reasonable mechanic. I'll have him take a look.

Mary: Thanks, Alice. It's good to know that I can always count on you. And you're a good shoulder to cry on, I really appreciate it.

Alice: I'm glad I could help you get a few things off your chest.

**Meaning to know**

killjoy = one who spoils the pleasure of others (ပျော်ရွှင်နေသူအားစိတ်ညစ်အောင်လုပ်သူ)

I'm feeling on edge = worried, nervous (စိုးရိမ်ပူပန်နေသည်)

layoffs = a temporary or permanent terminat–ion of work contract (လုပ်ငန်း ယာယီ သို့မဟုတ် အမြဲ အဆုံးသတ်ခြင်းစာချုပ်) (အလုပ်ပြုတ်ခြင်း)

got carried away = lost control (ထိန်းမနိုင်သိမ်းမရဖြစ်သည်။)

debt = a sum of money that is owed (အကြွေး)

won't breathe a word = not reveal a secret (လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောကြားခြင်းမပြုလုပ်)

tighten my belt = economize, spend and use less (လျှော့စားသုံးသည်)

a good shoulder to cry on = a person who gives sympathy and support (ညှာတာဖေးမသူ)

get a few things off your chest = discuss something that has caused one emotional discomfort (ရင်ဖွင့်သည်)

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်သစ်ကူးမိတ်ဆုံစားပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နှစ်သစ်ကူးမိတ်ဆုံစားပွဲကို ယမန်နေ့ ညနေပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မိတ်ဆုံစားပွဲသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများ၊ သီးခြားဖိတ်ကြားထားသည့် သိပ္ပံကျော်စွာ ဒေါက်တာမျိုးသန့်တင်၊ ဒါရိုက်တာအလင်္ကာကျော်စွာ ဦးကြည်စိုးထွန်း၊ အလင်္ကာကျော်စွာ ဦးစိန်လှိုင် (ကဗျာဆရာ သူရဇော်)၊ အလင်္ကာကျော်စွာ ဒေါ်ချို့ချို့တင် (စာရေးဆရာမ မစန္ဒာ) နှင့် တာဝန်ရှိသူများ တက်ရောက်သည်။ **(အပေါ်ယာပုံ)**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတစ်ဝန်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခုထက် ပိုမိုကြိုးစားဆောင်ရွက်ကြရန်၊ ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသွန်ခွန်စိုက် ကူညီဖြည့်ဆည်းပေးရန်၊ နိုင်ငံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ကြရန်၊ လာမည့် ၂၀၂၃ ခုနှစ်တွင် စိတ်သစ်လူသစ်ဖြင့် နိုင်ငံတော်နှင့် ဝန်ကြီးဌာန၏အကျိုးကို ဆတက်ထမ်းပိုး ကျေပွန်အောင် ထမ်းဆောင်သွားကြရန်၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နှစ်သစ်ကို ပိုင်ဆိုင်ကြပါစေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဧည့်သည်တော်များက နှစ်သစ်ကူးဆုတောင်း စကားများ ပြောကြား၍ ဧည့်သည်တော်များ၊ ဝန်ထမ်းများနှင့် နှစ်သစ်ကူး မိတ်ဆုံညစာစားပွဲကို အတူတကွ သုံးဆောင်၍ တက်ရောက်လာသည့် ဧည့်သည်တော်များနှင့် ဝန်ထမ်းများက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးက နှစ်သစ်ကူး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးရုံးရှိ ဝန်ထမ်းများအား Draw Lucky Software ဖြင့် ဗလာမပါ ကမ်းစမ်းမဲဖောက်ပေးသည့် အစီအစဉ်ကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းများနှင့် နေ့လယ်စာအတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ်မြောက် မြန်မာ့နွားသိုးအလှ၊ နို့စားနွား၊ အသားစားနွားနှင့် သိုး/ဆိတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒုတိယအကြိမ်မြောက် မြန်မာ့နွားသိုးအလှ၊ နို့စားနွား၊ အသားစားနွားနှင့် သိုး/ဆိတ်ပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင် ဝက်မွေးမြူရေးခြံရှေ့ရှိ ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်၊ ရန်ကုန်မြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ဌေး၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့က ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် မြို့နယ်များကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ဒုတိယအကြိမ်မြောက်မြန်မာ့နွားသိုးအလှ၊ နို့စားနွား၊ အသားစားနွားနှင့် သိုး/ဆိတ်ပြိုင်ပွဲဖွင့်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် စတင်ကျင်းပခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင် ဆုများကို ချီးမြှင့်ခဲ့ခြင်းဖြစ်ရာ မြန်မာ့ခိုင်းနွားသိုး၊ နို့စားနွားမကြီး၊ အသားတိုးနွားအထီး၊ အသားတိုးနွားအမ၊ နို့စားနွားမဒါန်းပြိုင်ပွဲတို့၌ ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်သုံးသိန်း၊ တတိယဆု ကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆုအတွက် ကျပ်တစ်သိန်းဖြင့်လည်းကောင်း၊ ဆိတ်ထီးနှင့် ဆိတ်မပြိုင်ပွဲတွင် ပထမဆုအတွက် ကျပ်သုံးသိန်း၊ ဒုတိယဆုကျပ် နှစ်သိန်း၊ တတိယဆု ကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုအတွက် ကျပ်ခုနှစ်သောင်းဖြင့်လည်းကောင်း ဆုများ ချီးမြှင့်သည်။



ယခုကဲ့သို့ မြန်မာ့နွားသိုး၊ နို့စားနွား၊ အသားစားနွားနှင့် သိုး/ဆိတ်ပြိုင်ပွဲကို ကျင်းပခြင်းသည် နို့ထွက်နှုန်းနှင့် အသားထွက်နှုန်း ကောင်းမွန်သော နွားနှင့်ဆိတ်ကို ရွေးချယ်မွေးမြူခြင်းအားဖြင့် မွေးမြူရေး တောင်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးမှုတွင် အခွင့်အလမ်းတစ်ရပ် ပေါ်ထွန်းစေရန်၊ တောင်သူများ အပြန်အလှန် မွေးမြူရေးနည်းပညာများ ဖလှယ်နိုင်ခြင်းဖြင့် မွေးမြူရေး တိရစ္ဆာန်တို့၏တန်ဖိုးနှင့် အမှုအကျင့်များကို ပိုမိုသိရှိလေ့လာနိုင်စေရန်၊ အရည်အသွေးမြင့်ပြီး ထုတ်လုပ်မှု ကောင်းမွန်သော မျိုးကောင်းမျိုးသန့်တို့ ရှင်သန်ရာ အရပ်ဒေသကို သိရှိမှုဖြင့် မွေးမြူရေးသမားများ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်နိုင်ခြင်းနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် တောင်သူတို့၏ အသိအမြင်များကို ပြောင်းလဲစေနိုင်ခြင်း စသည့် ရည်ရွယ်ချက်တို့ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

# ၂၀၂၃ ခုနှစ်၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၅ နာရီ ၄၅ မိနစ်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV – HD၊ MRTV Sports Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MRTV Web & App၊ မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM နှင့် Star FM တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

**ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်**

**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **မိုး/ဇလ**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် စာအုပ်တင်စင်နှင့် စာအုပ်စာစောင် လှူဒါန်း

**ဘားအံ ဇန်နဝါရီ ၁**

ကရင်ပြည်နယ် ဘားအံမြို့၌ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ရပ်ကွက်နေ ပြည်သူလူထုအတွက် အသိပညာ ဖြန့်ဖြူးပေးရာ နေရာအဖြစ် ရေရှည်တည်တံ့ဖော်ဆောင်နိုင်ရေးအတွက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာအုပ်တင်စင်နှင့် စာအုပ်/ စာစောင် လှူဒါန်းပွဲကို အမှတ် (၁) ရပ်ကွက် ပြည်သူ့စာကြည့်တိုက်၌ ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ ဘားအံခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အမှတ်(၁) ရပ်ကွက် ပြည်သူ့စာကြည့်တိုက်အား စံ (၅) ရပ်နှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲပြီး ပြည်သူလူထုကို အသိပညာ ဗဟုသုတများ ဖြန့်ဖြူးပေးနိုင်သည့်နေရာ၊ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် အသိပညာ၊ အတတ်ပညာများ ရှာဖွေရာနေရာတစ်ခု ဖြစ်လာစေရေးအတွက် စာကြည့်တိုက် ကော်မတီများမှ ပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်း၊ စာကြည့်တိုက်တစ်တိုက် ရေရှည်တည်တံ့အောင်မြင်နိုင်ရေးမှာ အခြေခံအားဖြင့် ဘီငါးလုံးနှင့် ပြည့်စုံရန် လိုအပ်ပါကြောင်း၊ လူငယ်များအတွက် နားခိုရာ ရပ်ကွက်စာကြည့်တိုက်တစ်တိုက် ဖြစ်လာစေရေးအတွက် လိုအပ်သည့် စာအုပ်တင်စင်နှင့် စာအုပ်/စာစောင်များကို လှူဒါန်းပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်မှ လှူဒါန်းသည့် စာအုပ်/စာစောင်များ၊ ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက လှူဒါန်းသည့် ငွေကျပ် ခုနစ်သိန်း တန်ဖိုးရှိ စာအုပ်တင်စင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ လှူဒါန်းသော စာအုပ်/စာစောင်များကို အလှူရှင်များက ပေးအပ် လှူဒါန်းရာ အမှတ် (၁) ရပ်ကွက်ပြည်သူ့စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် စာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၄၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၄၄၇၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁

**ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ပရဟိတမင်းကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေဂူကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ညိုတောရကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တုလွှတ်စံစာသင်တိုက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ဝိဇ္ဇာတဗိမာန် မိုးကုတ်ကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ တိပိဋက လင်္ကာရကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ သစ္စာဝေစည်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိမဟာဝိဇယာရာမကျောင်းတိုက်၊မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အလယ်ကျောင်းတိုက်နှင့် အမရပူရမြို့နယ်ရှိမန်ကျည်းတောကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်နှင့် ဒလမြို့နယ်ရှိ ကမာကဆစ် အနောက်ကျောင်းတိုက်၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ တာပုံကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူး - နေပြည်တော် ယာဉ်လိုင်းသစ်ဖွင့်လှစ်ပြေးဆွဲ

**ပဲခူး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်သူများ သွားလာမှု အဆင်ပြေစေရန်အတွက် ဟသ်ာမင်း အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေးမှ ပဲခူး-နေပြည်တော် ယာဉ်လိုင်းသစ် ဖွင့်လှစ်၍ ခရီးသည်ပို့ဆောင် ပြေးဆွဲခြင်းကို ဇန်နဝါရီ ၁ ရက်မှ စတင်ပြေးဆွဲပေးနေပြီဖြစ်သည်။




ယခင်က ပဲခူးမြို့မှ နေပြည်တော်သို့ သွားလာကြသည့် ပြည်သူများအနေဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ ပြေးဆွဲသည့် ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်အား ပဲခူးမြို့ ကျွန်းသာယာအဝေးပြေးယာဉ်ရပ်နား စခန်းတွင် စောင့်ဆိုင်း စီးနင်းခဲ့ရသည့်အတွက် အဆင်မပြေမှုများ တွေ့ကြုံရကြောင်း ယခုအခါ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပဲခူး-နေပြည်တော် ယာဉ်လိုင်းသစ် ဖွင့်လှစ်ပြေးဆွဲပေးသည့်အတွက် ခရီးသွားပြည်သူများအဆင်ပြေကြောင်း သိရသည်။

ပဲခူးမြို့မှ နေပြည်တော်သို့ ခရီးသည် ၁၂ ဦး ဆံ့ ကားလေးဖြင့် နံနက် ၇ နာရီတွင် စတင်ပြေးဆွဲကာ နေပြည်တော် ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်း၌ ဂိတ်ထိုးမည်ဖြစ်ပြီး ဘောဂသီရိ အဝေးပြေးယာဉ်ရပ်နားစခန်းမှလည်း နေ့စဉ် နံနက် ၇ နာရီတွင် စတင်ထွက်ခွာကာ ပဲခူးမြို့ ကျွန်းသာယာအဝေးပြေးယာဉ် ရပ်နားစခန်း၌ ဂိတ်ထိုးမည်ဖြစ်ကြောင်း သိရသည်။

“ယာဉ်စီးရေ ၁၀ စီးနဲ့ စတင်ပြေးဆွဲနေပါပြီ။ အခုကတော့ ပဲခူး-နေပြည်တော်ကို ယာဉ်တစ်စီး၊ နေပြည်တော်-ပဲခူးကို ယာဉ်တစ်စီးနဲ့ မနက် ၇ နာရီမှာ ထွက်ခွာပြေးဆွဲနေပါတယ်။ ခရီးသည် သွားလာမှုများလာရင် ယာဉ်စီးရေတိုးပြီး ပြေးဆွဲပေးသွားပါမယ်။ ခရီးသွားပြည်သူတွေ ပိုပြီး အဆင်ပြေဖို့အတွက် နေပြည်တော် (မြို့မဈေး)မှာ ဂိတ်ဖွင့်နိုင်ဖို့ စီမံဆောင်ရွက်နေပါတယ်”ဟု ဟသ်ာမင်းအဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်း ဥက္ကဋ္ဌ ဦးဟိန်းဝင်းထွန်း က ပြောသည်။

ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရန်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် ပြည်-ပဲခူး ခရီးစဉ်အား mini bus ကားလေးများဖြင့် ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၁ ရက်မှ စတင် ပြေးဆွဲလျက်ရှိကြောင်း၊ ပဲခူးမြို့ ကျွန်းသာယာအဝေးပြေးယာဉ်ရပ်နားစခန်း နယူးရောသစ္စာ မော်တော်ယာဉ်ဂိတ်တွင် လာရောက် စီးနင်းနိုင်ကြောင်း သိရသည်။

ဟသ်ာမင်း အဆင့်မြင့် ခရီးသည်ပို့ဆောင်ရေး ယာဉ်ဖြင့် ပဲခူး-နေပြည်တော်သို့ ခရီးသွားလာကြသည့်ပြည်သူများ အနေဖြင့် ပဲခူး (ကျွန်းသာယာ အဝေးပြေး ယာဉ်ရပ်နားစခန်း) ၀၉၇၆၆၈၆၆၁၀၈၊ နေပြည်တော် (ဘောဂသီရိ အဝေးပြေးယာဉ် ရပ်နားစခန်း) ၀၉၇၆၆၈၆၆၁၀၈ သို့ စုံစမ်းဆက်သွယ်နိုင်ကြောင်း သိရသည်။

**မောင်ယဉ်ဦး**

## AFF Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်များပြီးဆုံးမှ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရအသင်းများ ထွက်ပေါ်မည်

**ရန်ကုန် ဇန်နဝါရီ ၁**

၂၀၂၂ AFF Cup ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များ ပြီးဆုံးတော့မည်ဖြစ်ပြီး ဇန်နဝါရီ ၂၊ ၃ ရက်တွင် ကျင်းပမည့် နောက်ဆုံးနေ့ပွဲများပြီးဆုံးမှသာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည့် လေးသင်းထွက်ပေါ်မည်ဖြစ်သည်။

အုပ်စုနှစ်ခုစလုံး ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည့်အသင်းများ ထွက်ပေါ်ခြင်းမရှိသေးဘဲ အုပ်စု (က) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ စင်ကာပူနှင့် မလေးရှားအသင်းတို့ အခွင့်အရေးရှိနေသည်။ အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို တစ်ချိန်တည်းကစားမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲကို ဂုဏ်သိက္ခာအတွက်သာ ကစားရမည်ဖြစ်သည်။ အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များအနက် ဇန်နဝါရီ ၂ ရက်တွင် အုပ်စု (က) နောက်ဆုံးနေ့အဖြစ် ည ၇ နာရီတွင် ထိုင်းနိုင်ငံရှိ သာမာဆတ်ကွင်း၌ ထိုင်းအသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ ဖိလစ်ပိုင်နိုင်ငံရှိ ရီဇယ်မန် မိုရီရယ်လ်ကွင်း၌ ဖိလစ်ပိုင်အသင်းနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင် ကစားမည်ဖြစ်သည်။ အုပ်စု (က) နောက်ဆုံးနေ့မတိုင်မီ ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်းက သုံးပွဲကစား ခုနစ်မှတ်စီ၊ ကမ္ဘောဒီးယားအသင်းက သုံးပွဲကစား ခြောက်မှတ်၊ ဖိလစ်ပိုင်အသင်းက သုံးပွဲကစား သုံးမှတ်ရရှိထားကာ ဘရူနိုင်းအသင်းမှာမူ လေးပွဲစလုံးရှုံးပြီး အမှတ်မရခဲ့ပေ။ ယင်းအုပ်စုတွင် ဖိလစ်ပိုင်နှင့် ဘရူနိုင်းအသင်းမှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်ပြီး ထိုင်းနှင့် အင်ဒိုနီးရှားအသင်းမှာမူ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးများနေသည်။

အုပ်စု (ခ) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ည ၇ နာရီတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ မိုင်ဒင်းကွင်း၌ ဗီယက်နမ်အသင်းနှင့် မြန်မာအသင်း၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ဘူကစ်ဂျာလီကွင်း၌ မလေးရှားအသင်းနှင့် စင်ကာပူအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းအုပ်စုတွင် ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်းက သုံးပွဲကစား ခုနစ်မှတ်စီ၊ မလေးရှားအသင်းက သုံးပွဲကစား ခြောက်မှတ်ရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးရှိနေပြီး သုံးပွဲကစား တစ်မှတ်ရထားသည့် မြန်မာအသင်းနှင့် ပွဲကုန်လေးပွဲကစား တစ်မှတ်သာရခဲ့သည့် လာအိုအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရပြီဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်အသင်းနှင့် အဝေးကွင်းပွဲကစားရန် ကျန်သေးသော်လည်း ဆီမီးဖိုင်နယ်တက်ရောက်ရန် အခွင့်အရေးမရှိတော့ဘဲ ဂုဏ်သိက္ခာပိုင်းအတွက်သာ ကစားရတော့မည်ဖြစ်သည်။ ယင်းအုပ်စုတွင် ဗီယက်နမ်နှင့် စင်ကာပူအသင်းသည် အနိမ့်ဆုံး သရေကစားနိုင်ရုံဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး မလေးရှားအသင်းမှာမူ အိမ်ကွင်း၌ မဖြစ်မနေ အနိုင်ကစားနိုင်မှသာ နောက်တစ်ဆင့် တက်လှမ်းခွင့်ရှိမည်ဖြစ်သည်။

မြန်မာအသင်းသည် AFF Cup ပြိုင်ပွဲတစ်လျှောက် နှစ်ကြိမ်သာ ဆီမီးဖိုင်နယ်တက်ရောက်ဖူးပြီး ကျန်အကြိမ်များတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ရဲရင့်လွင်**

## ခြေစွမ်းပြပြီး စပါးကို ဂိုးပြတ်အနိုင်ရရှိခဲ့သည့် အက်စ်တွန်ဗီလာ

ပရီမီယာလိဂ်ပွဲစဉ် (၁၈) မှ စပါးနှင့် အက်စ်တွန်ဗီလာအသင်းတို့ ပွဲစဉ်ကို ဇန်နဝါရီ ၁ ရက် ည ၈ နာရီခွဲက စပါးအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ ဗီလာအသင်းက ခြေစွမ်းပြပြီး နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

စပါးအသင်းသည် အိမ်ကွင်းတွင် ဗီလာအသင်းကို ဧည့်ခံယှဉ်ပြိုင်ကစားရသော်လည်း ရရှိလာသည့် အခွင့်အရေးကို အသုံးမချနိုင်မှု၊ ပြိုင်ဘက်အသင်းပေါ် ချဉ်းကပ်ပုံ မှားယွင်းမှု၊ တိုက်စစ်အဆုံးသတ်အားနည်းမှုတို့ကြောင့် ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ယခုရှုံးပွဲကြောင့် အဆင့် (၄) အတွင်း ဝင်ရေးတွင် စပါးအသင်း ဖိအားများစေခဲ့ပြီဖြစ်သည်။

ဗီလာအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၅၀ နှင့် ၇၃ မိနစ်တို့တွင် ဘွန်ဒီယာနှင့် လူးဝစ်တို့က သွင်းယူပေးနိုင်ခဲ့သည်။ ပွဲစဉ် (၁၈) အပြီးတွင် စပါး အသင်းက ၁၇ ပွဲကစားပြီး ရမှတ် ၃၀ ရရှိထားကာ ပြိုင်ဘက်ဗီလာက ၁၇ ပွဲကစားပြီး ၂၁ မှတ် ရရှိပြီဖြစ်သည်။

ဇန်နဝါရီ ၁ ရက် အစောဆုံးပွဲဖြစ်သည့် ဘရိုက်တန်နှင့် အာဆင်နယ်တို့ပွဲတွင် အာဆင်နယ်တို့ ခြေစွမ်းပြပြီး လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည်။

**အောင်ဇော်**



# ဘရူနိုင်းနိုင်ငံ၏ စက်တင်ဘာလ ကုန်သွယ်မှု ၁၃ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်

**ဘန်ဒါဆီရီဘီဂါဝမ် ဇန်နဝါရီ ၁**

ဘရူနိုင်းနိုင်ငံ၌ ယခုနှစ် စက်တင်ဘာလ အတွက် စုစုပေါင်း ကုန်သွယ်မှု ဘရူနိုင်း ဒေါ်လာ ၂၅၇၂ ဒသမ ၈ သန်း (အမေရိကန်ဒေါ်လာ ၁၉၁၉ ဒသမ ၁ သန်း) စံချိန်တင်ရရှိခဲ့သည့်အတွက် နှစ်အလိုက် ၁၃ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ဘဏ္ဍာရေးနှင့် စီးပွားရေး ဝန်ကြီးဌာနရှိ စီးပွားရေး၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာနက ဒီဇင်ဘာ ၃၁ ရက်တွင် ထုတ်ပြန်သော နောက်ဆုံး နိုင်ငံတကာ ကုန်ပစ္စည်း ကုန်သွယ်မှု စာရင်းအင်းအရ ဘရူနိုင်းနိုင်ငံ၏ ပို့ကုန်သည် အဓိကအားဖြင့် တွင်းထွက် စက်သုံးဆီတင်ပို့မှု မြင့်တက်လာသောကြောင့် ဘရူနိုင်း ဒေါ်လာ ၁၆၁၂ ဒသမ ၂ သန်းရရှိသည့်အတွက် နှစ်စဉ် ၂၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာကြောင်း သိရသည်။

ထို့အပြင် သွင်းကုန်မှာ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ဘရူနိုင်းဒေါ်လာ ၉၅၂ ဒသမ ၃ သန်းရရှိရာမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဘရူနိုင်း ဒေါ်လာ ၉၆၀ ဒသမ ၆ သန်း ရရှိသည့်အတွက် အနည်းငယ် မြင့်တက်လာသည်ဟု သိရသည်။



ဘရူနိုင်းနိုင်ငံ၏ ပို့ကုန် အများဆုံးနိုင်ငံမှာ ဩစတြေးလျ နိုင်ငံဖြစ်ပြီး ယင်းနောက်တွင် ဂျပန်၊ စင်ကာပူနှင့် တရုတ် နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဘရူနိုင်းနိုင်ငံ၏ သွင်းကုန် အများဆုံးနိုင်ငံမှာ မလေးရှားနိုင်ငံဖြစ်ပြီး ယင်းနောက်တွင် ဆော်ဒီအာရေဗျနှင့် ယူအေအီးနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## အောက်တိုဘာလအတွင်း တရုတ်နိုင်ငံ၏ 5G ဖုန်း တင်ပို့ရောင်းချမှု ၁၉ ဒသမ ၅၂ သန်းရှိ

**ပေကျင်း ဇန်နဝါရီ ၁**

တရုတ်နိုင်ငံတွင် 5G ဖုန်း တင်ပို့ရောင်းချမှုမှာ အောက်တိုဘာလ တစ်လတည်းတွင် ၁၉ ဒသမ ၅၂သန်းရှိပြီး နိုင်ငံ၏ မိုလ်ဘိုင်းဖုန်း တင်ပို့ရောင်းချမှု စုစုပေါင်း၏ ၈၀ ဒသမ ၁ ရာခိုင်နှုန်းရှိသည်ဟု တရုတ်နိုင်ငံ၏သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ အကယ်ဒမီက ပြောသည်။

ယင်းကာလအတွင်း၌ပင် နိုင်ငံ၌ 5G အမျိုးအစားမော်ဒယ် အသစ်၂၀ ကို ထုတ်လုပ်ခဲ့ပြီးဖြစ်သည်ဟု တရုတ်နိုင်ငံ၏ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာ အကယ်ဒမီက ပြောသည်။ အောက်တိုဘာလတွင် အသစ်ထုတ်လုပ်ထားသည့် ပြည်တွင်း ဖုန်းမော်ဒယ်ရောင်းချမှုမှာ ၂၀ မှ ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ဈေးကွက်အတွင်း မော်ဒယ်သစ်များ၏ ၉၀ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။

၂၀၂၂ ခုနှစ် ပထမ ၁၀လတွင် တရုတ်နိုင်ငံ၏ 5G ဖုန်း တင်ပို့ရောင်းချမှုမှာ ၁၇၃ သန်းရှိပြီး ၂၀၂၁ခုနှစ်နှင့် နှိုင်းယှဉ်လျှင် ၁၇ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု သိရသည်။ ဆင်ဟွာ

# ထိုင်းနိုင်ငံ၌ ခရီးသွားကဏ္ဍ ပြန်လည်ကောင်းမွန်လာရေး မျှော်မှန်းချက်နှင့်အတူ ၂၀၂၃ခုနှစ်ကို ကြိုဆို

**ဘန်ကောက် ဇန်နဝါရီ ၁**

ဒီဇင်ဘာ ၃၁ ရက် သန်းခေါင်ယံတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ ၂၀၂၃ ခုနှစ်ကို ကြိုဆိုခဲ့သည်။

ထိုင်းနိုင်ငံ၏ ခရီးသွားကဏ္ဍ ပြန်လည် နာလန်ထူလာနိုင်ရေးအတွက် ရည်မှန်းချက်နှင့်အတူ နှစ်သစ်ကို ကြိုဆိုခဲ့သည်။ ဘန်ကောက်မြို့လယ်ကောင်တွင် နှစ်သစ်ကူးကြိုဆိုပွဲကို ပြုလုပ်ခဲ့ပြီး ဒေသခံနှင့် နိုင်ငံခြားခရီးသွားများသည် ကျောက်ဖယားမြစ်ပေါ်၌ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း မပြုမီ စုဝေးခဲ့ကြသည်။

၂၀၂၂ခုနှစ် အဆုံးသတ်ညကို ယခုလို ပွဲမျိုးဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ထိုင်းနိုင်ငံမှ ခရီးသွား အာဏာပိုင်များက ပြောသည်။ ၂၀၂၂ခုနှစ်တွင် ထိုင်းနိုင်ငံသို့ နိုင်ငံခြားခရီးသွားများ ပြန်လည်ဝင်ရောက်လာပြီး ကိုဗစ်ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များ ဖြေလျှော့ပေးလိုက်ခြင်းကြောင့်လည်း ပြည်တွင်းခရီးသွားလုပ်ငန်းမှာ သက်သာရာရခဲ့သည်။




သုဝဏ္ဏဘူမိလေဆိပ်တွင် ခရီးသွားများနှင့် စည်ကားနေစဉ်။

နိုင်ငံတောင်ပိုင်း ဒေသတွင် ခရီးသွားကဏ္ဍကို မြှင့်တင်နိုင်ရန်အတွက် ယခုလိုနှစ်သစ်ကူးညကို တာဝန်ယူကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ခရီးသွားလာမှု အေဂျင်စီက ပြောသည်။

၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် ထိုင်းအစိုးရသည် နိုင်ငံခြားခရီးသွားများအတွက် ကိုဗစ်-၁၉ ကန့်သတ်ချက်များကို သိသိသာသာ ဖြေလျှော့ပေးခဲ့သည်။ ထိုင်းနိုင်ငံ၏ ခရီးသွားအာဏာပိုင်များသည် ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံခြားသားခရီးသွား ဝင်ရောက်မှုကို ၁၁ ဒသမ ၅ သန်း အထိ ရောက်ရန် မျှော်မှန်းခဲ့သည်။

ဆင်ဟွာ

## ယူဂန္ဓာနိုင်ငံ၌ နှစ်သစ်ကူးညတွင် လူအုပ်ပိ၍ ကိုးဦးသေဆုံး

**ကမ်ပါလာ ဇန်နဝါရီ ၁** – ယူဂန္ဓာနိုင်ငံ မြို့တော် ကမ်ပါလာတွင် နှစ်သစ်ကူးညက လူအုပ်စုလိုက်ပြုံတိုးကား ဝရုန်းသုန်းကားအခြေအနေကြောင့် ကိုးဦးထက်မနည်းသေဆုံးကာ လူ့အချို့ ဒဏ်ရာရရှိခဲ့ကြောင်း ရဲများက ပြောသည်။ အခင်းဖြစ်ပွားမှုတွင် ဂီတပွဲတော်ကို လာကြသည့်လူငယ်များ ပါဝင်ကြောင်း ရဲများ၏ ပြောကြားချက်အရ သိရသည်။ ပွဲကျင်းပစဉ် ညသန်းခေါင်ယံ၌ အခမ်းအနားမှူးက အပြင်ဘက်တွင် မီးရှူးမီးပန်းများသွားကြည့်ရန် ပြောခဲ့သဖြင့် စုပြုံတိုးကာလူအုပ်ပိမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အခင်းဖြစ်ပွားရာနေရာသို့ အရေးပေါ်ကယ်ဆယ်ရေးသမားများ လာရောက်ကြပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်ဟု သိရသည်။ ဆင်ဟွာ




## ၂၀၂၂ ခုနှစ်ကို အကျပ်အတည်းများ ကျော်ဖြတ်နိုင်သည့်နှစ်ဟု ထိုင်းဝန်ကြီးချုပ် ပြောကြား

**ဘန်ကောက် ဇန်နဝါရီ ၁**

ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာသည် နိုင်ငံခြားသားများအတွက် အိမ်ရှင်ကောင်းများဖြစ်စေရန်နှင့် အမျိုးသားရေးနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာများ ပြည့်ဝရေး မိမိတို့၏ တာဝန်များကို ထမ်းဆောင်ရန် ထိုင်းပြည်သူများအား ဒီဇင်ဘာ ၃၁ ရက်က တိုက်တွန်းထားသည်။

ယခင်က အကျပ်အတည်းအမျိုးမျိုးကို ဖြတ်ကျော်နိုင်သည့် ထိုင်းနိုင်ငံအတွက် အောင်မြင်မှုနှစ်တစ်ခုအဖြစ် ၂၀၂၂ ခုနှစ်ကို ရည်ညွှန်းကြောင်း ဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် နှစ်သစ်ကူးမိန့်ခွန်းတွင် ပြောကြားသည်။ ပြီးခဲ့သည့်နှစ်ကို ပြန်ကြည့်လျှင် ပထမဆုံးအောင်မြင်မှုမှာ ကိုဗစ်-၁၉ တိုက်ပွဲကို တိုက်ခိုက်နိုင်ခဲ့ကြောင်း၊ ထိုင်းလူမျိုးများသည် အလုပ်များကို ပြန်လည်လုပ်ကိုင်နိုင်ပြီး ပုံမှန်အချိန်တစ်ခုတွင် အခြားသူများနှင့် တွေ့ဆုံနိုင်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ဆင်ဟွာ

## အိန္ဒိယနှင့် ပါကစ္စတန် အကျဉ်းသားများ လဲလှယ်

**နယူးဒေလီ ဇန်နဝါရီ ၁**

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် အကျဉ်းထောင်များအတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရသည့်အရပ်သား အကျဉ်းသားများနှင့် ငါးဖမ်းသမားစာရင်းများကို ဇန်နဝါရီ ၁ ရက်တွင် လဲလှယ်ခဲ့ကြကြောင်း သိရသည်။

အကျဉ်းသားလဲလှယ်မှုစာရင်းကို နယူးဒေလီနှင့် အစ္စလ မ္မာဘတ်တို့ကြား သံတမန်နည်းလမ်းမှတစ်ဆင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ ထိုသို့ဆောင်ရွက်ရာတွင် လက်ရှိ အိန္ဒိယအကျဉ်းထောင်၌ ဖမ်းဆီးထိန်းသိမ်းခံထားရသူများစာရင်း၌ ပါကစ္စတန်အရပ်သား အကျဉ်းသား ၃၃၉ ဦးနှင့် ငါးဖမ်းသမား ၉၅ ဦး ပါဝင်ပြီး ပါကစ္စတန်အကျဉ်းထောင်၌ ဖမ်းဆီးထိန်းသိမ်းခံထားရသူများစာရင်း၌ အိန္ဒိယနိုင်ငံသား သို့မဟုတ် အိန္ဒိယနိုင်ငံသားများဟု ယူဆရသည့် အရပ်သား အကျဉ်းသား ၅၁ ဦးနှင့် ငါးဖမ်းသမား ၆၅၄ ဦး ပါဝင်ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ထိုသို့ဆောင်ရွက်မှုကို ၂၀၀၈ ခုနှစ် သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ထိုသို့လဲလှယ်မှုကို နှစ်စဉ်နှစ်တိုင်း ဇန်နဝါရီ ၁ ရက်နှင့် ဇူလိုင် ၁ ရက်တို့တွင် ပြုလုပ်ကြကြောင်း သိရသည်။

ဆင်ဟွာ

## မနီလာလေဆိပ် လေကြောင်းခရီးစဉ်များ ရပ်ဆိုင်းထား

**မနီလာ ဇန်နဝါရီ ၁**

မနီလာအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းလိုင်းများကို စွမ်းအင်ပြတ်တောက်ပြီးနောက် ဒီဇင်ဘာ ၃၁ ရက်က ရပ်ဆိုင်းထားကြောင်း သိရသည်။

နီနွိုင်းအကွီနို အပြည်ပြည်ဆိုင်ရာလေဆိပ်သည် လေကြောင်းလိုင်း အဝင်/အထွက်များကို ရပ်ဆိုင်းထားကြောင်း ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီဝန်းကျင်က တွစ်တာတွင် ဖော်ပြထားသည်။

လေဆိပ်၏ လေကြောင်းသွားလာမှု စီမံခန့်ခွဲရေးစင်တာတွင် စွမ်းအင်ပြတ်တောက်မှုကြောင့် ဆက်သွယ်ရေးချို့ယွင်းမှု ဖြစ်ပေါ်ခဲ့ကြောင်း လေဆိပ်အော်ပရေတာက ပြောကြားသည်။

လေကြောင်းခရီးစဉ်များ မကြာမီ ပြန်လည်လည်ပတ်နိုင်ရန် လုပ်ဆောင်နေကြောင်း အာဏာပိုင်များက ပြောကြားသည်။ ဂျပန်စံတော်ချိန် ညနေ ၅ နာရီအထိ လေကြောင်းခရီးစဉ် ၁၆ ခုထက် မနည်း ပယ်ဖျက်ခဲ့ရကြောင်း သိရသည်။ အင်န်အိတ်ချ်ကေ

# ၂၀၂၃ ခုနှစ်အတွက် ခရီးသွားကဏ္ဍတွင် အလားအလာကောင်းများကို မျှော်မှန်းနေသည့် တူရကီယဲ

**တူရကီယဲနိုင်ငံ (ယခင်တူရကီ) ရှိ ခရီးသွားလာရေးကဏ္ဍအရာရှိများနှင့် ခရီးသွားလုပ်ငန်းတွင် အတွင်းကျကျ လုပ်ကိုင်နေကြသူများမှာ ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံ၏ ခရီးသွားကဏ္ဍတိုးတက်လာရမည်ဟု မျှော်မှန်းထားကြသည်။**

*နှင်းမိုးအိမ်*




တူရကီယဲနိုင်ငံ၌ ခရီးသွားများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

### သန်း ၆၀ ကိုဆွဲဆောင်နိုင်မည်ဟု ရည်မှန်းထား

ယခုနှစ်အတွက် ခရီးသွားလုပ်ငန်းအားကောင်းလာသည်ဟု ၎င်းတို့က ယူဆထားကြပြီး နိုင်ငံငွေကြေး တန်ဖိုးအားနည်းခြင်းကြောင့်လည်း လာမည့်နှစ် ခရီးသွားကဏ္ဍ တိုးတက်မှုတွင် နောက်ထပ် အရှိန်အဟုန်တစ်ခုဖြစ်လာမည်ဟု သုံးသပ်ထားကြသည်။ လာမည့်နှစ်အတွင်း တူရကီယဲနိုင်ငံသည် နိုင်ငံခြားခရီးသွား သန်း ၆၀ ကို ဆွဲဆောင်နိုင်မည်ဟု ရည်မှန်းထားကြောင်း ဒီဇင်ဘာ ၈ ရက်က တူရကီယဲနိုင်ငံ ပါလီမန်တွင် ခရီးသွားလာရေးဝန်ကြီး မာမက်နာရီအာဆော က ပြောသည်။

### အခွန်ငွေများ ရရှိ

ခရီးသွားကဏ္ဍမှတစ်ဆင့် နိုင်ငံအတွက် အခွန်ငွေ အမေရိကန်ဒေါ်လာ ၅၆ ဘီလီယံရရှိမည်ဟုလည်း မျှော်မှန်းထားသည်။ ၂၀၂၂ ခုနှစ်အတွင်း တူရကီယဲနိုင်ငံ၌ ခရီးသွားကဏ္ဍမှ အခွန်ငွေရရှိမှုကို ပြန်လည်သုံးသပ်ရာတွင် အခွန်ငွေ ၄၆ ဘီလီယံ ရရှိပြီး နိုင်ငံခြားခရီးသွား ၅၁ ဒသမ ၅ သန်းကို ဆွဲဆောင်နိုင်ခဲ့သည်ဟု တွေ့ရှိရသည်။

### နိုင်ငံခြားခရီးသွားများ တိုးလာ

အောက်တိုဘာလနှောင်းပိုင်းအတွင်း ထုတ်ပြန်ထားသည့် အချက်အလက်များအရ ယခင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် နိုင်ငံခြားခရီးသွား ဝင်ရောက်မှုမှာ ၈၈ ဒသမ ၁ ရာခိုင်နှုန်းတိုးလာခဲ့ပြီး ယခုနှစ် ပထမ ၁၀ လတာကာလအတွင်း ခရီးသွား ၃၉ ဒသမ ၆၁ သန်းကို ဆွဲဆောင်နိုင်ခဲ့သည်။ ကိုဗစ် -၁၉ ကပ်ရောဂါကာလမတိုင်မီ ခရီးသွားဝင်ရောက်မှုနှုန်းကို မီနိုင်လုနီးပါးရှိခဲ့သည်။ ၂၀၁၉ ခုနှစ်က တူရကီယဲနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၄၅ သန်း ဝင်ရောက်ခဲ့သည်ဟု သိရသည်။

### အခြေအနေကောင်းမွန်သည့်နှစ်

၂၀၂၂ ခုနှစ်မှာ တူရကီယဲနိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် အခြေအနေကောင်းမွန်လာသည့်နှစ် ဖြစ်သည်။ အပန်းဖြေစခန်းအများစုတွင် ၎င်းရမ်းနေထိုင်ကြသည့် ခရီးသွားများမှာ ၉၀ ရာခိုင်နှုန်းရှိသည်ဟု ဂျာမနီ ခရီးသွားကုမ္ပဏီကြီးဖြစ်သည့် တီယူအိုင်မှ တူရကီယဲနိုင်ငံကိုယ်စားလှယ် ကာအန် ဆာဖီနယ် က ပြောသည်။

### အကောင်းဘက်သို့ ပြန်လည်ဦးတည်

ယခုနှစ်အတွက် ခရီးသွားလုပ်ငန်းမှာ အကောင်းဘက်သို့ ပြန်လည်ဦးတည်လာပြီဟု ၎င်းက ပြောသည်။ ယခုအခြေအနေတိုင်းသာ ဆက်လက်ထိန်းထားနိုင်ပါက တူရကီယဲနိုင်ငံ၏ ခရီးသွားကဏ္ဍမှာ ရွှေရောင်လွှမ်းလာမည်ဟု ၎င်းက ဆက်ပြောသည်။ ထို့ပြင် တူရကီယဲနိုင်ငံ၏ ငွေကြေးတန်ဖိုးမှာ အားနည်းနေသည့်အချိန် နိုင်ငံ၏ ခရီးသွားကဏ္ဍမှာ ပို၍ယှဉ်ပြိုင်လာနိုင်မည်ဟု သုတေသီများက ပြောသည်။

### သတိပေးမှုများလည်းရှိ

တူရကီယဲ ငွေကြေးတန်ဖိုးမှာ ယမန်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၇၀ ရာခိုင်နှုန်း အားနည်းသွားပြီး အမေရိကန်ဒေါ်လာ တစ်ဒေါ်လာမှာ တူရကီယဲငွေ ၁၈ ဒသမ ၆၉ နှင့် တူညီသည်။ တူရကီယဲနိုင်ငံ၏ ခရီးသွားကဏ္ဍမှာ ကိုဗစ် -၁၉ ကပ်ရောဂါ ကာလမတိုင်မီက အခြေအနေမျိုးသို့ ပြန်လည်ရရှိနိုင်မည့် အလားအလာ တွေ့ရှိနေရသော်လည်း အခြားသော သတိပေးမှုများလည်းရှိနေသည်။

### ဖွံ့ဖြိုးမှုနှေးကွေး

ခရီးသွားကဏ္ဍတွင် အလားအလာကောင်းများ ရှိနေသော်လည်း တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအခြေအနေမှာ စွမ်းအင်ကဏ္ဍ အကျပ်အတည်း၊ ငွေကြေးဖောင်းပွမှုများနှင့် ဝယ်လိုမှု အားနည်းနေခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနှေးကွေးနေသည်။

### မျှော်မှန်းသလောက် ဖြစ်မလာဘဲရှိ

ယင်းသို့နှေးကွေးနေသည့်အတွက် ကပ်ရောဂါအလွန် ခရီးသွားကဏ္ဍမှာ မျှော်မှန်းသလောက် ဖြစ်မလာဘဲရှိနိုင်ကြောင်းကို စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းမှ သတိပေးထားသည်။ တစ်ကမ္ဘာလုံးဆိုင်ရာ ခရီးသွားကဏ္ဍမှာ ၂၀၂၄ ခုနှစ် သို့မဟုတ် ၂၀၂၅ ခုနှစ်မတိုင်မီအထိ ယခင်အခြေအနေအတိုင်း ပြန်လည်ရောက်ရှိနိုင်ဖွယ်မရှိဟု အဆိုပါအဖွဲ့အစည်းက ခန့်မှန်းထားသည်။

### မျိုးစုံတိုးတက်အောင် လုပ်ကိုင်သင့်

တူရကီယဲနိုင်ငံတွင် ခရီးသွားများကို ပိုမို၍ ဆွဲဆောင်လိုပါက ခရီးသွားကဏ္ဍကို မျိုးစုံတိုးတက်အောင်လုပ်ကိုင်သင့်ကြောင်းကိုလည်း အကြံပြုထားသည်။ တူရကီယဲနိုင်ငံသည် ယဉ်ကျေးမှုနှင့် သမိုင်းအစဉ်အလာအရ စိတ်ဝင်စားဖွယ်နေရာအများအပြားရှိသည့် နိုင်ငံလည်းဖြစ်သည်။ ယင်းအချက်ကပင် ခရီးသွားများကို အဓိက ဆွဲဆောင်နိုင်သည့်အချက် ဖြစ်နေသည်။

### စိန်ခေါ်နိုင်

နိုင်ငံ၏ ခရီးသွားကဏ္ဍမှာ အရည်အသွေးမြင့်သည့် ဝန်ဆောင်မှုများကြောင့်လည်း ယှဉ်ပြိုင်သူများကို စိန်ခေါ်နိုင်ကြောင်း မြေထဲပင်လယ်ကမ်းရိုးတန်း အန်တယ်လျာဒေသမှ ဟိုတယ်မန်နေဂျာ ဇာဖာအယ်ကာရာက ပြောသည်။ ၂၀၂၃ ခုနှစ်တွင် ခရီးသွားကဏ္ဍ အောင်မြင်မှုရရှိအောင် လုပ်ဆောင်ရမည့်အချိန်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

### အလားအလာကောင်းများ မျှော်မှန်း

ကပ်ရောဂါကာလမတိုင်မီက တစ်ကမ္ဘာလုံးအနှံ့ ခရီးသွားလုပ်ငန်းများတွင် ဝင်ငွေရရှိမှုမှာ တစ်ကမ္ဘာလုံးဂျီဒီပီ၏ ၁၀ ရာခိုင်နှုန်းရှိသည်။ ၂၀၂၀ နှင့် ၂၀၂၁ ခုနှစ် ကပ်ရောဂါ အကျပ်အတည်း ကာလများအပြီး ကိုဗစ်-၁၉ ဗီဇပြောင်းကြောင့် ခရီးသွားကဏ္ဍတွင် တိုးတက်မှုများမှာ နှေးကွေးနေဆဲ ဖြစ်သည်။ ခရီးသွားလာမှုတွင် လူများ စိတ်ပါဝင်စားမှု ပြန်လည်မြင့်မားလာခြင်းနှင့်အတူ ၂၀၂၃ ခုနှစ်အတွက် ခရီးသွားကဏ္ဍတွင် အလားအလာကောင်းများ ရရှိလာလိမ့်မည်ဟု မျှော်မှန်းထားကြသည်။ ။

**ကိုးကား- ဆင်ဟွာ**

- ❖ လာမည့်နှစ်အတွင်း တူရကီယဲနိုင်ငံသည် နိုင်ငံခြားခရီးသွား သန်း ၆၀ ကို ဆွဲဆောင်နိုင်မည်ဟု ရည်မှန်းထား
- ❖ ၂၀၂၂ ခုနှစ်အတွင်း တူရကီယဲနိုင်ငံ၌ ခရီးသွားကဏ္ဍမှ အခွန်ငွေရရှိမှုကို ပြန်လည်သုံးသပ်ရာတွင် အခွန်ငွေ ၄၆ ဘီလီယံရရှိပြီး နိုင်ငံခြားခရီးသွား ၅၁ ဒသမ ၅ သန်းကို ဆွဲဆောင်နိုင်ခဲ့

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်းရှိ

**(၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၁၁၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၂၁,၃၅၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၈၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၁၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၃၁-၁၂-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၄၉,၅၈၂) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၇၉၈,၃၇၉) ဦး တို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၃၁-၁၂-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၄၉,၅၈၂ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၉၈,၃၇၉ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၇) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၅ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၅ | ၂၇၆၀ |
| 95 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၄၅ | ၂၂၆၀ | ၂၁၆၀ | ၂၁၇၅ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၀ | ၂၆၆၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၂ |
| 95 Ron | ၂၀၁၉ | ၂၀၉၃ |
| HSD (500 ppm) | ၂၂၅၂ | ၂၃၂၇ |
| HSD (50 ppm) | ၂၃၂၆ | ၂၄၀၂ |
| HSD (10 ppm) | ၂၃၂၆ | ၂၄၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့ရှိ ချက်စတာဘက်တီ စာကြည့်တိုက်ထဲက ပုဂံမင်းပုရပိုက်

*ဒေါက်တာနန္ဒာမွန်း၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန*

**တွေ့ရှိရာအစ**
**– အိုင်ယာလန်စာတမ်း ဖတ်ပွဲက**

အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့ရှိ ဒပ်ဘလင်တက္ကသိုလ်က ကြီးမှူး၍အရှေ့တောင်အာရှ ရှေးဟောင်းသုတေသနပညာရှင်များဆိုင်ရာ ဥရောပအသင်း၏ (၁၄) ကြိမ်မြောက် နိုင်ငံတကာစာတမ်းဖတ်ပွဲ (European Association of Southeast Asian Archaeologists 14th International Conference EurASEAA14)ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၈–၂၁ ရက်နေ့အထိ ကျင်းပခဲ့ရာသို့ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အနေဖြင့် သုတေသနစာတမ်းတစ်စောင် သွားရောက် ဖတ်ကြားခဲ့ပါသည်။ မိမိစာတမ်းမှာ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန သုံးခုနှင့် သုတေသန ဆောင်ရွက်နေကြသော လုပ်ငန်းများအပေါ် လေ့လာသုံးသပ်သော စာတမ်းဖြစ်ပါသည်။ ဖတ်ကြားရသော ဒပ်ဘလင်တက္ကသိုလ်ကလည်း ဒပ်ဘလင်နန်းတော်ဟောင်းနေရာတွင် ပင်ဖြစ်ပါသည်။ အိုင်ယာလန်နိုင်ငံသံရုံးမရှိသောကြောင့် ပြည်ဝင်ခွင့်ဗီဇာရရှိရေးအတွက် ထိုင်းနိုင်ငံ ဘန်ကောက်သို့ နိုင်ငံကူးလက်မှတ် ပေးပို့ယူရခြင်း၊ transit ပြုလုပ်ရန် ဗြိတိသျှသံရုံးတွင် ဗီဇာလျှောက်ထားရခြင်းများကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ရပါသည်။

ရှေးဟောင်း သုတေသနပညာရှင်များဆိုင်ရာ ဥရောပအသင်း၏ နိုင်ငံတကာ စာတမ်းဖတ်ပွဲမှာ နှစ်နှစ်တစ်ကြိမ် ဥရောပနိုင်ငံများတွင် အလှည့်ကျကျင်းပလေ့ရှိသော စာတမ်းဖတ်ပွဲဖြစ်ပြီး အာရှတိုက်မှ ပညာရှင်အများစု၏ လေ့လာတွေ့ရှိချက်နှင့် ပတ်သက်သော စာတမ်းများကို ဦးစားပေးလေ့ရှိပါသည်။ ရှေးဟောင်း သုတေသနပညာရှင်များဆိုင်ရာဟုဆိုသော်လည်း အတွေးအခေါ်ပညာရှင်များ၊ လူမျိုးနှင့် ယဉ်ကျေးမှုသရုပ်ခွဲမှုဆိုင်ရာ ပညာရှင်များ၊ သမိုင်းဆိုင်ရာ ရှေးဟောင်းသုတေသီများ၊ လူမျိုးများဆိုင်ရာသုတေသီများ၊ ဘာသာစကားဆက်စပ်မှုများကို လေ့လာသော အတွေးအခေါ်ပညာရှင်များ၊ အာရှတိုက်ဆိုင်ရာ အနုပညာများလေ့လာသူများနှင့် ရှေးဟောင်းသုတေသနပညာရှင်များ၊ EurASEAA အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပါသည်။

နိုင်ငံတကာဆွေးနွေးပွဲများ ကျင်းပသည့် ကြိုးပမ်းချက်မှာ ဥရောပတိုက်အတွင်း အရှေ့တောင်အာရှ ရှေးဟောင်းသုတေသနပညာနယ်ပယ်သာမက အရှေ့တောင်အာရှ ပညာရှင်များအကြားပါ ကျယ်ကျယ်ပြန့်ပြန့်ရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများတွင် မြှင့်တင်ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် အရှေ့တောင်အာရှ ရှေးဟောင်းသုတေသနပညာရှင်များဆိုင်ရာ ဥရောပအသင်း၏ (၁၄) ကြိမ်မြောက် နိုင်ငံတကာ စာတမ်းဖတ်ပွဲ( European Association of Southeast Asian Archaeologists 14th International Conference EurASEAA14) ကို theme နှစ်ခုဖြစ်သော Ancient and Living Traditions နှင့် Material Culture and Heritage တို့ဖြင့် ကျင်းပခဲ့ပါသည်။



❖ **ပုရပိုက်ကို ၁၂၀၈ ခုနှစ်၊ နတ်တော်လဆန်း၁၄ ရက် (အင်္ဂလိပ်လို ၁၈၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့) ရေးထိုးထားခဲ့ကြောင်း တွေ့ရှိ၊ ဗြိတိသျှပြတိုက် စာကြည့်တိုက်က လွှဲပြောင်းရယူခဲ့သည်၊ အစ - အဆုံး ဖတ်ရှုလေ့လာကြည့်ရာ ပုရပိုက်မှာ ပုဂံမင်း၏ မိဖုရားစာရင်းမဟုတ်ပါ၊ ပုဂံမင်း၏ ဥကင်တော်အခမ်းအနားကျင်းပပုံကို အသေးစိတ်မှတ်တမ်းတင်ထားခြင်းဖြစ်**

❖ **မြန်မာဘုရင်တို့သည် အခမ်းအနားကို ရှေးရိုးအစဉ်အလာအတိုင်း ဆောင်ရွက်ကြသည်ကို ကောင်းစွာမှတ်တမ်းတင်ထားကြသည်။ ဥကင်တော်ဖွင့်အခမ်းအနားကို သုံးရက်ဆက်တိုက် ဆောင်ရွက်လေ့ရှိကြောင်းနှင့် ဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို အင်ရုံရွာစားကြီး ဝန်ကြီးသီရိဥဇနာ စီရင်ရေးသားခဲ့သည့် လောကဗျူဟာကျမ်းတွင် မှတ်တမ်းတင်ထားခဲ့သည်ကို မှတ်သားသိရှိရ၊ အဆိုပါကျမ်းကို သက္ကရာဇ် ၁၁၁၅ ခုနှစ်ဝန်းကျင်က ရေးသားပြုစုခဲ့ကြောင်း၊ ရှေးမြန်မာဘုရင်တို့၏ အခမ်းအနားအဆောင်အယောင်များ အစီအရင်များအကြောင်း၊ ရာသီပွဲတော်များ ကျင်းပပုံများကို ပထမတွဲမှ နဝမတွဲအထိ ပြုစုထားသည်ကို လေ့လာတွေ့ရှိရ**

**ဒပ်ဘလင်နန်းတော်ဝင်းက**
**ချက်စတာဘက်တီ စာကြည့်တိုက်**

အဆိုပါ စာတမ်းဖတ်ပွဲမှာ ကျယ်ဝန်းလှသော ဒပ်ဘလင်နန်းတော်ဟောင်းနေရာတွင်ဖြစ်ပြီး လှပသောပန်းခြံကြီးများကိုပါ ထိန်းသိမ်းထားသော နေရာလည်း ဖြစ်ပါသည်။ အဆိုပါ ပန်းဥယျာဉ်နှင့် ကပ်လျက်တွင် ရှေးဟောင်းစာကြည့်တိုက်တစ်ခု ဖွင့်လှစ်ထားပါသည်။ အဆိုပါစာကြည့်တိုက် တည်ထောင်သူ Sir Alfred Chester Beatty (1875–1968) ဆိုသူမှာ အမေရိကန်လူမျိုး သတ္တုမိုင်းသူဌေးတစ်ဦးဖြစ်ပြီး အလှူအတန်းရက်ရောသူ တစ်ဦးဖြစ်ပါသည်။ သူသည် စာအုပ်စာပေ၊ ရှေးဟောင်းကျမ်းဂန်များကို စုဆောင်းတတ်သူတစ်ဦးလည်း ဖြစ်ပါသည်။ ကမ္ဘာအနှံ့ရောက်ရှိသည့်နေရာတိုင်းတွင် စာပေအမျိုးမျိုးကို စုဆောင်းတတ်သူ ဖြစ်ပါသည်။ အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့တွင် စာကြည့်တိုက်တစ်ခုကို ၁၉၅၀ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ချက်စတာဘက်တီ စာကြည့်တိုက်အဖြစ် အသိများကြပါသည်။ မူလက ပြတိုက်နှင့် စာကြည့်တိုက်အဖြစ် ရည်ရွယ်ဖွင့်လှစ်ခဲ့သည်ဟု သိရပါသည်။ စာအုပ်ပေါင်း ၂၅၀၀၀ ခန့်ရှိပြီး အရှေ့အာရှ၊ အစ္စလာမ်နိုင်ငံများ၊ အနောက်နိုင်ငံများနှင့် ပါရှားတို့မှ စာပေအမြောက်အမြားတို့ကို စုဆောင်းထားရှိပါသည်။ သေဆုံးသွားကြသူ အီဂျစ်များအကြောင်းစာအုပ်များသာမက တရုတ်နိုင်ငံ၏ သစ်သားတုံး ပုံနှိပ်ဘလောက်များအထိ လူသားတို့၏ တီထွင်ကြံဆထားချက်များ ကြွယ်ဝစွာ ထားရှိသိမ်းဆည်း စုဆောင်းထားရှိသည်ကို သိရှိရပါသည်။

**ချက်စတာဘက်တီ စာကြည့်တိုက်သို့**
**လေ့လာရန် ရောက်ရှိခဲ့မှု**

မိမိတက်ရောက်နေသော အရှေ့တောင်အာရှ ရှေးဟောင်းသုတေသနပညာရှင်များဆိုင်ရာ ဥရောပအသင်း၏ (၁၄) ကြိမ်မြောက် နိုင်ငံတကာစာတမ်းဖတ်ပွဲ ကျင်းပနေစဉ် တစ်ရက်တွင် နေ့လယ်ဘက် နားချိန်တစ်ခု၌ စာတမ်းဖတ်ပွဲတက်ရောက်လာသူ British Museum မှ Curator Ms. Alexandra Green နှင့် SEAMEO SPAFA မှ Director Dr. M.R. Rujaya Abhakorn တို့က Chester Beatty စာကြည့်တိုက်သို့ သွားရောက်ကြမည် ဆိုသောကြောင့် မိမိလည်း စာကြည့်တိုက်မှူးနှင့် မသိသော်လည်း မိတ်ဆက်ကာ သွားရောက်ခဲ့ပါသည်။

စာကြည့်တိုက်အောက်ထပ် မြေညီထပ်တွင် ကော်ဖီဆိုင်နှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်တို့အပြင် ရေကန်ငယ်လေးတစ်ခုနှင့် ရေပန်းများ၊ အခြားခင်းကျင်းပြသထားမှုများကို စိတ်ဝင်စားဖွယ်တွေ့ရှိရပြီး စာကြည့်တိုက်ရှိ အခန်းများ ဖွဲ့စည်းထားပုံကိုပါ ပြသထားပါသည်။ မိမိတို့သွားရောက် လေ့လာရာ Reference Room မှာ အပေါ်ထပ်တွင် ဖြစ်ပြီး အခန်းအဆင့်ဆင့်ကို လျှို့ဝှက်နံပါတ်စနစ်ဖြင့်သာ ဝင်ခွင့်ရသော ခေတ်မီတံခါးများဖြင့် တပ်ဆင်ထားပြီး သတ်မှတ်ထားသူများသာ ဝင်ထွက်နိုင်ပါသည်။ မိမိတို့တွင် ပါလာသော လက်ကိုင်တယ်လီဖုန်းများ၊ ကင်မရာများ လုံးဝ ယူဆောင်ခွင့်မပြုပါ။

စာကြည့်တိုက်မှူးက မိမိကို မြန်မာနိုင်ငံမှ လာရောက်သော အဆင့်မြင့်အရာရှိကြီးတစ်ဦးဖြစ်၍ စာကြည့်တိုက်ပိုင်စာရင်းကို ပြသရာ မြန်မာနှင့်ဆိုင်သော ပုရပိုက် နှစ်ခုရှိကြောင်း တွေ့ရပါသည်။ Catalogue of Burmese Manuscripts နှင့် Pali Burmese Parabeik တို့အနက် Catalogue of Burmese Manuscript အောက်တွင် ဖော်ပြထားသော List of the Queens of Pagan Min ကို ဖတ်ရှုလိုပါကြောင်း ပြော၍ သိမ်းဆည်းထားရာ အခန်းမှ အဆင့်ဆင့် ထုပ်ပိုးထားသော ပုရပိုက်ကို သတ်မှတ်ထားသော ကြည့်ရှုရန်စားပွဲနေရာပေါ်တွင် တင်ပေးပါသည်။ ပုရပိုက်ကို လက်အိတ်များ စွပ်ပြီးမှသာ ကိုင်တွယ်ကြည့်ရှုရပါသည်။ မှတ်သားလိုသည်များရှိက မှတ်သားရန် စာရွက်နှင့် ခဲတံတစ်ချောင်းချပေးထားပါသည်။

**ရှားပါးပုရပိုက် – ပုဂံမင်း၏ဥကင်တော်ဖွင့်**
**အခမ်းအနားမှတ်တမ်း**

အဆိုပါပုရပိုက်ကို ၁၂၀၈ ခုနှစ်၊ နတ်တော်လဆန်း၁၄ ရက် (အင်္ဂလိပ်လို ၁၈၄၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့) ရေးထိုးထားခဲ့ကြောင်း တွေ့ရှိရပါသည်။ ဗြိတိသျှပြတိုက် စာကြည့်တိုက်က လွှဲပြောင်းရယူခဲ့သည်ဟု သိရပါသည်။ အစ – အဆုံး ဖတ်ရှုလေ့လာကြည့်ရာ ပုရပိုက်မှာ ပုဂံမင်း၏ မိဖုရားစာရင်း မဟုတ်ပါ၊ ပုဂံမင်း၏ ဥကင်တော် အခမ်းအနားကျင်းပပုံကို အသေးစိတ်မှတ်တမ်းတင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထိုသို့ ရှင်းပြပြောဆိုသောကြောင့် စာကြည့်တိုက်မှူးက ပုရပိုက်အကြောင်း အကျဉ်းရေးပေးရန် အကူအညီတောင်းခံ၍ မိမိလက်ရေးဖြင့် Royal Obeisance Ceremony of Bagan King ကို အင်္ဂလိပ်လို စာမျက်နှာတစ်မျက်နှာခန့် ရေးသားပြုစုပေးခဲ့ရပါသည်။ စာကြည့်တိုက်က အဆိုပါပြုစုပေးချက်ကို နောင်တွင် အသုံးပြုသွားမည်ဟု သိရပါသည်။ အခါကြီးရက်ကြီးများနှင့် ဝါဝင် ဝါထွက်တို့တွင် နေ့၊ ရက်၊ အချိန် သတ်မှတ်ပြီး နန်းတက်သည့် ဘုရင်ကို ကန်တော့ကြရာတွင် လက်ဆောင်ပဏ္ဏာများကို ဆက်သကြရသည်။ ထီးနန်းဥကင်တော်ဖွင့်သည်ဟု ခေါ်ဆိုကြပြီး နန်းတွင်းတွင် အစဉ်အလာအတိုင်း ကျင်းပလေ့ရှိပါသည်။

မြန်မာဘုရင်တို့သည် အခမ်းအနားကို ရှေးရိုးအစဉ်အလာအတိုင်း ဆောင်ရွက်ကြသည်ကို ကောင်းစွာမှတ်တမ်းတင်ထားကြသည်။ ဥကင်တော်ဖွင့်အခမ်းအနားကို သုံးရက်ဆက်တိုက် ဆောင်ရွက်လေ့ရှိကြောင်းနှင့် ဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို အင်ရုံရွာစားကြီး ဝန်ကြီးသီရိ ဥဇနာ စီရင်ရေးသားခဲ့သည့် လောကဗျူဟာကျမ်းတွင် မှတ်တမ်းတင်ထားခဲ့သည်ကို မှတ်သားသိရှိရပါသည်။ အဆိုပါကျမ်းကို သက္ကရာဇ် ၁၁၁၅ ခုနှစ်ဝန်းကျင်က ရေးသားပြုစုခဲ့ကြောင်း၊ ရှေးမြန်မာဘုရင်တို့၏ အခမ်းအနား အဆောင်အယောင်များ အစီအရင်များအကြောင်း၊ ရာသီပွဲတော်များ

*စာမျက်နှာ ၁၈ သို့*

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ

**မောင်သမ္မာဒိဋ္ဌိ**



အောင်ဆန်း- အက်တလီစာချုပ် ချုပ်ဆိုရန် အင်္ဂလန်သို့ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကိုယ်စားလှယ်အဖွဲ့အား လန်ဒန်မြို့ ဒေါင်းနင်းလမ်း အမှတ် ၁၀ နေအိမ်ရှေ့၌ တွေ့ရစဉ်။

မြန်မာနိုင်ငံသမိုင်းတွင် တွေ့ကြုံခဲ့ရသည့် သူ့ကျွန်ဘဝသည် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်မြင့်မားရေးကို အမြဲတစေ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ဖော်ပြနေသည့် အဓိကကျသော သမိုင်းရေးသင်ခန်းစာတစ်ခု ဖြစ်ပါသည်။ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ဝံသာနုရက္ခိတတရား(မျိုးစောင့်တရား)ကို အရင်းခံခဲ့သောကြောင့်သာ ယနေ့တိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မြန်မာလူမျိုးဟူ၍ တည်ရှိနေနိုင်ခြင်းပင် ဖြစ်ပါသည်။

'မြန်မာ' တည်းဟူသော အမည်သည် တိုင်းရင်းသား လူမျိုးတစ်မျိုးတည်းကို ရည်ညွှန်းကိုယ်စားပြုသည့်အမည် လုံးဝမဟုတ်ပါ။ မြန်မာအဘိဓာန်ကျမ်းကြီးတွင် 'နှစ်ရှည် ကာလရှည်စွာ၊ အစဉ်အဆက် ပျံ့နှံ့စွာ အတူတကွ အခြေစိုက်နေထိုင်သော တိုင်းရင်းသားလူမျိုး' ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် 'မြန်မာ' ဟူသော အမည်နာမသည် ပြည်ထောင်စုဖွားတိုင်းရင်းသား မျိုးနွယ်စုအားလုံးအတွက် ပေါင်းရုံးသိမ်းကျုံးကာ ခေါ်ဝေါ်သတ်မှတ်ထားသည်မှာ ထင်ရှားလှပါသည်။ အင်္ဂလိပ်ဘာသာအားဖြင့်လည်း "ပြည်ထောင်စု မြန်မာနိုင်ငံ" (Union of Myanmar) ဟု ဖွင့်ဆိုသတ်မှတ်ထားခြင်း ဖြစ်ပါသည်။

တစ်ခုတည်းသော ပိုင်နက်နယ်မြေ နယ်နိမိတ်အတွင်း၌ နှစ်ပရိစ္ဆေဒ ရှည်ကြာလှစွာကတည်းကပင် ဘိုးဘေးဘီဘင် အစဉ်မပြတ် နေရာဒေသဖြန့်၍ ပျံ့နှံ့ကူးလူးသွားလာ ဆက်ဆံပေါင်းသင်း မှီတင်းအခြေစိုက် လိုက်ပါနေထိုင်လာကြကုန်သော ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးကို ကိုယ်စားပြုအမည် စကားလုံးနှစ်လုံးတည်းဖြင့် ပေါင်းရုံးကာ 'မြန်မာ'ဟု ခေါ်ဆိုခြင်းပင် ဖြစ်ပါသည်။

နှစ်ပေါင်းထောင်ချီ၍ ကြာရှည်တည်တံ့လာခဲ့သော မြန်မာ့သမိုင်းသည် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား ရှိကြသူများ၏ သမိုင်းသာဖြစ်ပါသည်။ အနော်ရထာအစ၊ ဘုရင့်နောင် အလယ်၊ အလောင်းဘုရားအဆုံး မြန်မာ့သမိုင်းကို လက်ရုံးရည်၊ နှလုံးရည်တို့ဖြင့် ဖန်တီးတည်ဆောက်နိုင်ခဲ့ကြသူတို့သည် မျိုးချစ်စိတ်ဓာတ်၊ ဝံသာနုရက္ခိတတရားကို နှလုံးသွင်း ကျင့်ကြံဆောင်ရွက်ခဲ့ကြသူများပင် ဖြစ်ပါသည်။ ထိုခေါင်းဆောင်ကြီးများသည် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အမျိုး၊ ဘာသာ၊ သာသနာတို့ကို ထိန်းသိမ်းမြှင့်တင်ကာကွယ်စောင့်ရှောက်ခဲ့ကြပါသည်။

**သူ့ကျွန်အဖြစ် နှံ့နစ်ခဲ့ရသည့် ဘဝမှာ ၁၂၄ နှစ်ကြာ**

**❖ သိဃ်တန်ဆောင်၊ ဘုန်းတော်မှောင်၍**
**ကုန်းဘောင်နေမီး၊ မထိန်ညီးက**
**တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်**
**ထီးသုဉ်း နန်းသုဉ်း၊**
**မြို့သုဉ်းသုည၊ သုဉ်းဘဝဖြင့်**
**ကြုံရပြန်လစ်၊ သုညခေတ်ဝယ်**
**ဖြစ်လာရလေ၊ တို့တစ်တွေသည်**
**သေသော်မှတည့်၊ ဩော်-ကောင်း၏။ ......**

ဟူ၍ ကျေးဇူးတော်ရှင် မျိုးချစ်ရဟန်းစာဆိုတော် ဆရာတော် "ဆီးဘန်းနီဆရာတော် အရှင်နရိန္ဒ"က တိုင်းတစ်ပါးသား နိုင်ငံခြားအစိုးရ၏ ကိုလိုနီသူ့ကျွန်ဘဝသို့ ရောက်ရှိခဲ့ရခြင်းသည် အသက်ရှင်လျက်သေသည်နှင့် လုံးဝမခြား အားလုံးဆုံးရှုံးခဲ့ရသည်ဟု ခံစားရေးဖွဲ့တင်ပြတော်မူခဲ့သည်။

အင်္ဂလိပ်နယ်ချဲ့ကျူးကျော်သိမ်းပိုက်ရေး ကျွန်ပြုစစ်ပွဲသည် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ၊ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ၊ ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲတို့ဖြင့် စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ မြန်မာပြည် ပိုင်နက်နယ်မြေများကို သုံးကြိမ်ခွဲ၍ အဓမ္မကျူးကျော်တိုက်ခိုက် သိမ်းပိုက်ခဲ့ကြသည်။

အမိမြန်မာပြည်ကြီး ကျွန်ဖြစ်ခဲ့ရသည့် သက်တမ်း ၁၂၄ နှစ်တွင် အင်္ဂလိပ်နယ်ချဲ့က ၁၂၁ နှစ်၊ ဂျပန်နယ်ချဲ့ဖက်ဆစ်က သုံးနှစ်ကြာမြင့်ခဲ့သည်။

ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၂၄ ခုနှစ်နှင့် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၅၂ ခုနှစ်တို့၏ကြားကာလတွင် ၂၈ နှစ် ကြာမြင့်ခဲ့သည်။ အလားတူ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၅၂ ခုနှစ်နှင့် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၈၅ ခုနှစ်တို့၏ ကြားကာလတွင်လည်း ၃၃ နှစ် ကြာမြင့်ခဲ့သည်။ အင်္ဂလိပ်-မြန်မာ ပထမအကြိမ်စစ်ပွဲ၊ ဒုတိယအကြိမ်စစ်ပွဲအပြီးကာလတို့မှစ၍ အင်္ဂလိပ်-မြန်မာ တတိယအကြိမ်စစ်ပွဲမဖြစ်မီအထိ နှစ်ပေါင်း ၆၁ နှစ်ပင် အချိန်ရရှိခဲ့ရာ ထိုအချိန်ထိုကာလများတွင် ဥစ္စာရင်လို ဥစ္စာရင်ခဲဖြစ်အောင် မြန်မာခေါင်းဆောင်များက အမျိုးသားကာကွယ်ရေးစွမ်းရည် စွမ်းပကားတို့ကို ခိုင်ခိုင်မာမာ တောင့်တောင့်တင်းတင်း ပြန်လည်တည်ဆောက်နိုင်ခဲ့မည်ဆိုပါက အင်္ဂလိပ်နယ်ချဲ့၏တတိယအကြိမ်ကျူးကျော်စစ်ကို အောင်မြင်စွာ ပြန်လည်ခုခံတွန်းလှန်တိုက်ခိုက် ချေမှုန်းနိုင်ခဲ့မည် မဟုတ်ပါလား။

တကယ်တော့ ထိုစဉ်က မြန်မာနိုင်ငံသည် ၁၈၅၅ ခုနှစ် ကတည်းက မြန်မာလူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ကာ နိုင်ငံခြားတိုင်းပြည်များသို့ စက်မှုပညာတော်သင်များအဖြစ် စေလွှတ်ထားနိုင်ခဲ့သည်။ ထိုစဉ်က ဂျပန်နိုင်ငံသည် ၁၈၆၈ ခုနှစ်သို့ ရောက်ရှိမှသာ စက်မှုခေတ်သို့ ကူးပြောင်းနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံထက် ၁၃ နှစ်နောက်ကျခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ သို့သော် ခေတ်မီနိုင်ငံတည်ဆောက်ရေးနှင့် ကာကွယ်ရေးခေါင်းဆောင်ကောင်းတစ်ဦးဖြစ်သည့် အိမ်ရှေ့စံ ကနောင်မင်းသားကြီးမှာ ပြည်ပပယောဂများနှင့်အတူ အကြမ်းဖက်သမား မြင်ကွန်းနှင့် မြင်းခုံတိုင် မင်းသားညီနောင်တို့၏ လက်ချက်ဖြင့် ကျဆုံးသွားခဲ့ရသောကြောင့် မြန်မာ့ခေတ်မီဖွံ့ဖြိုးရေးပန်းတိုင်မှာ လေ့လော့်ရင်း တက်ကျိုးသွားခဲ့ရသည့်ပမာဖြစ်ခဲ့ရသည်။

ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်း၏ အကြောင်းရင်းများထဲတွင် အမျိုးသားကာကွယ်ရေးစွမ်းရည်စွမ်းပကားများနှင့် ခေတ်မီလက်နက်များ စွမ်းအားပြည့် ထုတ်လုပ်နိုင်စွမ်း ရှိပါလျက်နှင့် လှေလှော်ရင်း တက်ကျိုးခဲ့ရသည့်ပမာ ရိုက်ချိုးခံခဲ့ရသည့် အချက်တစ်ချက် ပါဝင်ခဲ့သည်ကို မြန်မာ့သမိုင်းက သင်ခန်းစာပေးခဲ့ကြောင်း ထင်ရှားစွာတွေ့မြင်ကြရမည် ဖြစ်ပါသည်။ အိမ်ရှေ့စံ ကနောင်မင်းသားကြီးသည် အမျိုးသားကာကွယ်ရေးစွမ်းရည်စွမ်းအားကို ရေမြုပ်ဖုံး ထုတ်လုပ်နိုင်ခဲ့သည်အထိ စွမ်းအားပြည့် ကြိုးပမ်းဆောင်ရွက်နေချိန်မှာပင် အင်္ဂလိပ်က သွေးခွဲသပ်လျှိုပေးခဲ့ခြင်းကြောင့် ကနောင်မင်းသားကြီး လုပ်ကြံခံခဲ့ရခြင်းပင် ဖြစ်သည်။

**ကျွန်၏လက်အောက် ကျွန်သဘောက်ဘဝသို့ပါ ရောက်ခဲ့ရသည်**

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် မြန်မာနိုင်ငံကို ဗြိတိသျှပိုင်နက် အင်ပါယာအတွင်းသို့ သွတ်သွင်းလိုက်ပြီဟု အိန္ဒိယဘုရင်ခံချုပ် "လော့ဒ်ဒပ်ဖရင့်" (Lord Dufferin) က အင်္ဂလိပ်ဘုရင်မကြီး "ဝိတိုရိယ" ကိုယ်စား ကြေညာချက်ထုတ်ခဲ့သည်။ မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးနောက် အင်္ဂလိပ်နယ်ချဲ့အစိုးရသည် မြန်မာနိုင်ငံအား အင်္ဂလိပ်နယ်ချဲ့၏ ကိုလိုနီနိုင်ငံတစ်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၏ လက်အောက်၌ ပြည်နယ်တစ်နယ်အဖြစ် သွတ်သွင်းလိုက်တော့သည်။ ထို့ကြောင့် သူ့ကျွန်ဖြစ်ရခြင်းအတူတူ ကျွန်ထက် နိမ့်ကျလှသည့် ကျွန်သဘောက်ဘဝသို့ လျှောကျသက်ဆင်းသွားခဲ့ရခြင်းမှာ အလွန်ရင်နာစရာကောင်းလွန်းလှသည်။

**အမျိုးဘာသာ၊ သာသနာနှင့် ဇာတိသွေး၊ ဇာတိမာန်**

အင်္ဂလိပ်နယ်ချဲ့အစိုးရသည် "သွေးခွဲအုပ်ချုပ်ရေးဝါဒ (Divide and Rule Policy) ကို လက်တွေ့ကျင့်သုံးပြီး တောင်တန်းဒေသများတွင် နေထိုင်ကြသူများနှင့် မကူးလူးမဆက်ဆံရ၊ မသွားရမလာရ"ဟု နယ်ခြားဖြတ်ကျော်မှု ချုပ်ကိုင်ရေးဥပဒေကို ပြဋ္ဌာန်းကာ ကန့်သတ်ချုပ်ချယ် ခွဲခြားထားခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့သည် မြန်မာနိုင်ငံအား နှစ်ပေါင်း ၁၀၀ ကျော် ကျွန်ပြုအုပ်ချုပ်ခဲ့စဉ်အတွင်း မြန်မာပြည်ဖွား မြန်မာနိုင်ငံသား မှန်သမျှကို "လူခွန် ကောက်ခံခဲ့ခြင်းကြောင့် ရွှေကိုယူသည်၊ ငွေကိုယူသည် ပြီးတော့ လူကိုပါ ယူသည်၊ အမျိုးပျောက်မှာ စိုးကြောက်လှပါသည်"

*စာမျက်နှာ ၁၈ သို့*

**❖ အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ သွေးထိုးပေးမှုကြောင့် ရှမ်းပြည်နယ်မှ စော်ဘွားအချို့က လန်ဒန်မြို့သို့ ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်ကို ကိုယ်စားပြုသူမဟုတ်ဟု ကြေးနန်းစာပေးပို့ခဲ့သည်။ သို့ရာတွင် ဒေသခံရှမ်းပြည်နယ် လွတ်လပ်ရေးအဖွဲ့ချုပ်က ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရန် တက်ရောက်လာသည့် ခေါင်းဆောင်ဖြစ်ကြောင်း ဗြိတိသျှအစိုးရထံ ကြေးနန်းစာ ပြန်လည်ပေးပို့အကြောင်းကြားခဲ့ခြင်းကြောင့် မြန်မာ့လွတ်လပ်ရေးအတွက် အောင်ဆန်း- အက်တလီစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်းပင်ဖြစ်**

*စာမျက်နှာ ၁၇ မှ*
ဘဝရောက်အောင် အမြတ်ထုတ်ကုပ်သွေးစုပ် အုပ်ချုပ်ခဲ့ကြသည်။

အင်္ဂလိပ်နယ်ချဲ့အစိုးရသည် တောင်သူလယ်သမားထုတစ်ရပ်လုံး အပေါ် အမျိုးမျိုးစီးပွားရေးအမြတ်ထုတ် ဖိနှိပ်ချုပ်ချယ်ခဲ့ခြင်းကြောင့် ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် တောင်သူလယ်သမား ခေါင်းဆောင်ကြီး ဆရာစံသည် တောင်သူလယ်သမားများကို ဦးဆောင် ၍ အင်္ဂလိပ်နယ်ချဲ့အစိုးရကို လက်နက်ကိုင်တိုက်ပွဲဆင်နွှဲခဲ့သည်။ လက်နက်အင်အားချင်းမမျှ၍ ဆရာစံ ဖမ်းဆီးခံရကာ ဆရာစံနှင့် တော်လှန်ရေးရဲဘော်များကို ကြိုးမိန့်ပြစ်ဒဏ်ချ၍ သေဒဏ်ပေးခဲ့သည်။ တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင်ကြီး ဆရာစံသည် ကြိုးစင်ပေါ်သို့တက်ရာ၌ အကျဉ်းထောင်ဝန်ထမ်းများ၏ တွဲခေါ်ခြင်း ကို လုံးဝမခံဘဲ မတုန်မလှုပ်တက်ရောက်ကာ "ကျွန်ုပ်ဟာ အမျိုး၊ ဘာသာ၊ သာသနာကို ကြီးပွားတိုးတက်ဖို့ မျှော်မှန်းပြီး အင်္ဂလိပ်နယ်ချဲ့ ကို လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့လို့ အခုလိုကြိုးပေးခံရတာပါ။ ကျွန်ုပ် လုံးဝမမှုပါဘူး၊ နောင်ဖြစ်လေရာဘဝမှာ အင်္ဂလိပ်နယ်ချဲ့ ရန်သူကို အောင်မြင်စွာ နှိမ်နင်းနိုင်ရပါလို၏" ဟု ဆုတောင်းစကား ပြောကြား သွားခဲ့သည့် အထောက်အထားကို တောင်သူလယ်သမားအရေးတော်ပုံ စာအုပ်တွင် လေ့လာတွေ့ရှိရာ ကြက်သီးမွေးညင်း ထလောက်အောင် ဇာတိသွေး၊ ဇာတိမာန်များ တက်ကြွခဲ့ရသည်။

**တို့ပြည်ကြီးမို့ ကာကွယ်မလေ**

❖ **"အားကြိုးတင်းတင်း**
**လူအချင်းချင်းကို**
**ဘယ်မင်းဖက်ပြိုင်**
**ဘယ်တပ်ဆိုင်အံ့**
**သူ့နိုင်ငံသား**
**သံမှုန်စားမှ**
**တို့ခါးတုံးမည်**
**မှတ်တော်တည်လော့"**

ဟူ၍ မြန်မာတို့၏ သူရသတ္တိကို စာဆိုတော်အမတ်ကြီး လက်ဝဲ သုန္ဒရက နန္ဒီသေနပျို့တွင် ပြောင်မြောက်စွာ ရေးစပ် ဖွဲ့ဆိုပြခဲ့သည်။

တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင်ကြီး ဆရာစံ ဦးဆောင်ခဲ့သည့် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ ပြီးဆုံးသွားပြီးနောက် အလုပ်သမားထုတစ်ရပ်လုံး၏ ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံကြီး ထပ်မံပေါ်ပေါက်လာကာ လူထုနည်းဖြင့် အင်္ဂလိပ်နယ်ချဲ့ကို နိုင်ငံရေး တိုက်ပွဲဆင်နွှဲခဲ့ကြသည်။

ဆုံးရှုံးသွားခဲ့သော မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရရှိနိုင်ရန်၊ အင်္ဂလိပ်နယ်ချဲ့ကို လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲရန် မဖြစ်မနေ လိုအပ်သဖြင့် သခင်အောင်ဆန်း ဦးဆောင်သည့် မျိုးချစ်သခင် လူငယ် ၃၀ တို့သည် ၁၉၄၁ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ စွန့်စွန့်စားစား သွားရောက် ၍ စစ်ပညာသင်ကြားခဲ့ကြသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့ တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ "ဗမာ့လွတ်လပ်ရေးတပ်မတော်" (BIA: Burma Independence Army) ကို ဖွဲ့စည်းခဲ့သည်။

ဗမာ့လွတ်လပ်ရေး တပ်မတော် (BIA) သည် စစ်ကြောင်းကြီးများ ဖွဲ့စည်း၍ အင်္ဂလိပ်နယ်ချဲ့အား လက်နက်ကိုင်တိုက်ပွဲများ ဆင်နွှဲခဲ့ရာ အင်္ဂလိပ်နယ်ချဲ့အစိုးရမှာ အိန္ဒိယနိုင်ငံသို့ စစ်ပြေးအစိုးရဘဝဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ သို့ရာတွင် အင်္ဂလိပ်နယ်ချဲ့တို့အား လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့စဉ်ကပင် ဂျပန်ဖက်ဆစ်တို့သည် မြန်မာ နိုင်ငံကို သိမ်းပိုက်ထားလိုသဖြင့် လွတ်လပ်ရေးအတုအယောင်ကို ပေးလာခဲ့သည်။ ထိုမျှမက ဂျပန်ဖက်ဆစ်တို့၏ နိုင်ငံရေးကတိမတည်မှု၊ ပြည်သူတို့အပေါ် နှိပ်စက်ညှဉ်းပန်းမှုတို့ကြောင့် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့က ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲခဲ့ရခြင်းပင် ဖြစ်သည်။

ဆက်လက်၍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအဖွဲ့ချုပ်သည် ပြည်မရော ပြည်နယ်ပါမကျန် တစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်း ခဲ့သည်။ ထို့ကြောင့် ထိုစဉ်က ဗြိတိန်ဝန်ကြီးချုပ် "အက်တလီ" က ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လန်ဒန် မြို့သို့ ဖိတ်ကြားကာ မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးခဲ့သည်။

ထိုအချိန်မှာပင် အင်္ဂလိပ်နယ်ချဲ့အစိုးရ၏ သွေးထိုးပေးမှုကြောင့် ရှမ်းပြည်နယ်မှ စော်ဘွားအချို့က လန်ဒန်မြို့သို့ ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်ကို ကိုယ်စားပြုသူမဟုတ်ဟု ကြေးနန်းစာပေးပို့ခဲ့သည်။ သို့ရာတွင် ဒေသခံရှမ်းပြည်နယ် လွတ်လပ် ရေးအဖွဲ့ချုပ်က ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်အပါအဝင် တစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရန် တက်ရောက်လာသည့် ခေါင်းဆောင် ဖြစ်ကြောင်း ဗြိတိသျှအစိုးရထံ ကြေးနန်းစာ ပြန်လည်ပေးပို့အကြောင်း ကြားခဲ့ခြင်းကြောင့် မြန်မာ့လွတ်လပ်ရေးအတွက် အောင်ဆန်း - အက်တလီစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

ဆက်လက်၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်မြို့နယ် ပင်လုံမြို့၌ ပင်လုံစာချုပ်ကို တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ခြင်း ကြောင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အင်္ဂလိပ်နယ်ချဲ့အစိုးရ ၏ ကိုလိုနီလက်အောက်ခံနိုင်ငံဘဝမှ လုံးဝလွတ်မြောက်ပြီး လွတ်လပ် သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဖြစ် ရပ်တည်လာခဲ့ရခြင်းပင် ဖြစ်သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာပင် ရန်ကုန်မြို့ဆူးလေ စေတီတော်မြတ်ကြီးအနီး မဟာဗန္ဓုလပန်းခြံအတွင်း၌ မြန်မာ့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျောက်တိုင်ကို အုတ်မြစ်ချခဲ့သည်။ ထိုကျောက်တိုင်ကြီးတွင်-

**"ဤ သက္ကရာဇ် တစ်ထောင့်သုံးရာကိုးနှစ်**
**ပြာသိုလဆုတ် ၉ ရက် တနင်္ဂနွေနေ့တွင်**
**ဤငါတို့ မြန်မာပြည်သည်**
**လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်**
**ပြည်ထောင်စုသမ္မတနိုင်ငံတော်ကြီးအဖြစ်**
**ကောင်းစွာရောက်သတည်း"** ဟု ကမ္ပည်းကျောက်စာရေးထိုး နိုင်ခဲ့သည်။

အချုပ်ဆိုရပါလျှင်နှစ်ပေါင်း ၁၂၄ နှစ်တိုင်အောင် ဆုံးရှုံးသွားခဲ့ရ သည့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရရှိ အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာတွင် တိုင်းတစ်ပါးသား နယ်ချဲ့တို့ ထံမှ ကလေးမုန့်ဖိုး လက်ဖြန့်တောင်းသကဲ့သို့ မြန်မာ့လွတ်လပ်ရေး ကို လွယ်လွယ်ကူကူ ပြန်လည်ရရှိခဲ့ခြင်း လုံးဝမဟုတ်ပါ။ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ဝံသာနုရက္ခိတစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်ရှိကြသည့် တိုင်းရင်းသားများအပါအဝင် တပ်မတော်က နယ်ချဲ့ဆန့်ကျင်တော်လှန်ရေးကို အသက်သွေးချွေးပေါင်းများစွာ စတေးခံ၍ တစ်နည်း၊ အမျိုးသားနိုင်ငံရေးနည်းများဖြင့် တစ်သွယ် အတူလက်တွဲဆင်နွှဲခဲ့ခြင်းကြောင့် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ် အခြာအာဏာကို ပြန်လည်ရရှိခဲ့ခြင်းပင် ဖြစ်ပါသည်။

မြန်မာ့လွတ်လပ်ရေးရခဲ့ပြီးချိန်မှ အစပြုပေါ်ပေါက်လာခဲ့သည့် ပြည်တွင်း ပြည်ပ အန္တရာယ်အသွယ်သွယ်ကို တပ်မတော်အနေဖြင့် အသက်စွန့် ကာကွယ်ကယ်တင် စောင့်ရှောက်နေခြင်းကြောင့် အမိမြန်မာပြည်ကြီး စိန်ရတုကာလတိုင် ထာဝရကြာရှည် ရပ်တည် နေနိုင်ခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် အမိမြန်မာပြည် ကမ္ဘာတည် သရွေ့ ထာဝရကြာရှည်တည်တံ့ခိုင်မြဲနေအောင်၊ ထာဝရငြိမ်းချမ်းရေးကို မဖြစ်မနေ အခိုင်အမာတည်ဆောက်ပြီး နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘဝ ဖွံ့ဖြိုးတိုးတက် လာအောင် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရင်း ပြည်သူများ လိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို တည်ဆောက်ကြပါစို့ဟူ၍ အလေးထား လေးစား စွာဖြင့် ရေးသားတိုက်တွန်းရင်း (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ် ရေးနေ့ကို ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

**အကိုးအထောက်**


၁။ **နိုင်ငံတော်ဦးတည်ချက် (၁၂) ရပ်ပြခန်းမှ တင်ပြချက်များ (မြဝတီ စာတိုက်၊ ၁၉၉၆ ခုနှစ်)**

၂။ **"မြန်မာ" ဟူသော "မြန်မာစိတ်ဓာတ်" နှင့် အမျိုးသားနေ့ (မောင်သမ္မာဒိဋ္ဌိ၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာ)**

၃။ **A History of Burma by Dr Htin Aung (Columbia university Press, New York and Landon, 1967)**


*စာမျက်နှာ ၁၆ မှ*
ကျင်းပပုံများကို ပထမတွဲမှ နဝမတွဲအထိ ပြုစုထားသည်ကို လေ့လာတွေ့ရှိရပေသည်။

(ပုရပိုက်၏ အပေါ်ဖုံး)
(ဓာတ်မြစ် - **ချက်စတာဘက်တီ စာကြည့်တိုက်၊ အိုင်ယာလန်နိုင်ငံ)**
(**မှတ်ချက်။** ၂၀၂၂ ခုနှစ်အတွင်း စိုထိုင်းဆကြောင့် ပြန်လည်ထိန်းချုပ်ပြုပြင် ထိန်းသိမ်းပေးနေရသည်ဟုသိရ)

အဆိုပါ ပုရပိုက်ကို ဖတ်ရှုလေ့လာရသဖြင့် ရှေးမြန်မာမင်းတို့၏ အခမ်းအနားအတွက် ပြင်ဆင်ကြပုံ၊ဆောင်ရွက်ရသည်များကို အစဉ်အလာအတိုင်း လုပ်ကိုင်ပုံ၊ နေရာချထားပုံ၊ ဘွဲ့ပေးပုံ၊ အခမ်းအနား အစီအစဉ်အတိုင်း ကျင်းပရပုံတို့ကို မှတ်တမ်းတင်ထားခြင်းကို အသေးစိတ် လေ့လာနိုင်ပါသည်။ ထူးခြားသည့် အချက်တစ်ချက်မှာ အခမ်းအနား အစီအစဉ်အတွက် တာဝန်ယူရသူအသီးသီးမှာ မင်းညီမင်းသား၊ မှူးတော်မတ်တော်များကအစ အိမ်ထောင်သည်ဖြစ်ပါက ငယ်လင်ငယ်မယားဖြစ်ရန်၊ မယား၊ သားသမီးပြည့်စုံသောသူ၊ အမည်ကောင်းသူဖြစ်ရန် အဆင့်ဆင့်တွင် သတ်မှတ်ထားသည်ကို ကြည့်ပါက မင်္ဂလာယူသည့် အခမ်းအနားတွင် မင်္ဂလာရှိစေမည့် ထုံးတမ်းကိုသာ အလေးထားသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ယင်းစာကြည့်တိုက်က ထိန်းသိမ်းထားသော ရတနာပုံ ရွှေနန်းတော်မှ ပန်းချီဆရာတစ်ဦး၏ ဆေးရောင်ဖြင့် နန်းတွင်းအခမ်းအနား တချို့နှင့် အသုံးအဆောင်ပုံများမှာလည်း မူရင်းကို မတွေ့ခဲ့ရသော်လည်း ကွန်ပျူတာတွင် သိမ်းဆည်းထားမှုများကို ကြည့်ခွင့်ရရှိခဲ့ပါသည်။ အလွန်ကောင်းမွန်သော ရှေးလက်ရာများ မပျောက်မပျက် တွေ့ရှိခွင့်ရခဲ့ပါသည်။ အရောင်များ ခြယ်သပုံ၊ နန်းတွင်း အသုံးအဆောင်နှင့် နန်းတွင်းအခမ်းအနား တချို့ကို ပန်းချီဖြင့်မှတ်တမ်းတင်ထားသဖြင့် အလွန်တန်ဖိုးရှိလှပါသည်။

ဤဆောင်းပါးကို ရေးသားရခြင်းမှာ အဆိုပါပုရပိုက်ကို မြန်မာနိုင်ငံနှင့် ဝေးလံလှသော အရပ်ဒေသသို့ ယူဆောင်သွားကြလင့်ကစား စာပေတန်ဖိုးကို လေးစားကာ စာကြည့်တိုက်ကန့်သတ်ချက်များနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ထားခြင်းကို အလေးပေး ဖော်ပြလိုခြင်းကြောင့်သာ ဖြစ်ပါသည်။ တာဝန်နှင့် သွားရောက်သော ခရီးစဉ်အတွင်း လေ့လာခဲ့ရသည်မှာလည်း ကြုံဆုံရခဲသော အတွေ့အကြုံတစ်ခုပါပေ။

**ကိုးကား**


(၁) လောကဗျူဟာကျမ်း(အင်ရုံစာတမ်း)
(၂) https://chesterbeatty.ie


## ပြည်မြို့တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အနောက်စောင်းတန်းလမ်း ကွန်ကရစ်လမ်းဖွင့်

**ပြည် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အနောက်စောင်းတန်းလမ်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ယမန်နေ့က ကျင်းပသည်။

ရှေးဦးစွာ အနောက်စောင်းတန်းလမ်း ကွန်ကရစ်လမ်းအား ဒေသကွပ်ကဲရေးမှူး စစ်ဌာနချုပ်(ပြည်)ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်နိုင်ဦး၊ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

အဆိုပါလမ်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း အရှည်ပေ ၄၉၀၊ ၁၈ ပေ အကျယ်၊ ၈ လက်မထုအား ခွင့်ပြုငွေကျပ်သိန်း ၃၀ ဒသမ ၆၀ သိန်းနှင့် လမ်းဘေးအုတ်ရေမြောင်း (၂ x ၄၈၀ x ၃ x ၃) ပေအား ခွင့်ပြုငွေကျပ်သိန်း ၄၉ ဒသမ ၆ သိန်းတို့ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏။**
**တောတောင်ပျက်ပြုန်း၊ မြေဆီသုဦး၏။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁-၂၀၂၃ တနင်္လာနေ့

**MRTV HD**

- **၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၈:၃၅** "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ" (၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ)(ပထမပိုင်း)
- **၀၉:၂၀** မွေးမြူရေးရာအပြာပြာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၀:၃၀** Economic Review
- **၁၀:၄၅** သတင်းသမားပြောတဲ့သတင်းစကား
- **၁၁:၃၅** ဘဝနှင့်အနုပညာ "**သီတာမှသည်တေးသံရှင် နိုင်ဝါဆီ...**" (အပိုင်း-၂)
- **၁၂:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း "**ချစ်ကြသည်ဆိုရာဝယ်**"
- **၁၃:၃၀** MRTV National News
- **၁၄:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း "**ထမင်းဝိုင်း**"
- **၁၆:၃၅** (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် "**လွတ်လပ်ရေးတေးသံ ဇာတ်ဟန်**" (အပိုင်း-၂)
- **၁၇:၁၅** "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ" (၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ)(ဒုတိယပိုင်း)
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၅** (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဂုဏ်ပြုတေးသီချင်း
- **၁၈:၅၀** (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် "**ဂုဏ်ပြုကြိုဆို (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကို**"
- **၁၉:၁၀** (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုဇာတ်လမ်း "**မိုးပြေသက်သေ... တိုင်းသူ့ချင်းတွေ**" (အပိုင်း-၈)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- **၂၁:၀၀** (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုရုပ်ရှင်မြန်မာရွှေဝင်ရုပ်ရှင် "**ချိန်တန်ပြီ**" (ဒါရိုက်တာ-မောင်တင်မောင်)

**mitv**

- **07:01** Evergreen Classic: Lat Yay Ta Pyin Htal (Yin Wai Yan Tun)
- **07:10** Travelogue: Ngwe Saung Beach
- **07:31** Lines & Wash Painting
- **07:39** Sitagu International Buddhist Academy (Part-2)
- **08:01** News
- **08:27** Asia Updates: The New Southern Silk Road (China - Myanmar Chapter) Part-1 (Between Mountains and Seas) Part-A
- **08:58** Sri Ksetra, Field of Fortune & Glory (Part-2)
- **09:17** Fantastic Orchid Garden From The Flower City
- **09:28** A Day in the Life of Pa-O Family
- **09:33** The Mandolinist
- **10:01** News
- **10:27** Topical Topics
- **10:36** Myanmar Puppeteers (Ogre Dance)
- **10:44** Ecstasy of Life
- **10:49** Sightseeing in Yangon: Inya Lake

**MRTV NRC**

**ချင်း(ဖလမ်း) (၀၆:၀၀ မှ ၀၇:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၁)

**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
အုံဖွယ်ရုံးပတီသီးအစွမ်း

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၄)

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
ရခိုင်ရိုးရာတေးလာတ်ကောင်းချလှ

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ပေပေါင်း(၀၀၀၀)ကျော်မြင့်တဲ့ပဲနယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာသို့

**"ဝ" (၁၄:၀၀) မှ (၁၆:၀၀) ထိ**
"ဝ"ရိုးရာဝတ်စုံချုပ်နည်း

**ကချင် (၁၆:၀၀) မှ (၁၈:၀၀) ထိ**
ကချင်ရိုးရာတူရိယာအကြောင်းသိကောင်းစရာ

**ကယား (၁၈:၀၀) မှ (၂၀:၀၀) ထိ**
မြင်တွေ့ချစ်ခင်ကယားတို့ဌာနေ (ကယန်းတိုင်းရင်းသားတို့စံပျော်ရာပန်ပက်ရွာ)

**ပအိုဝ်းရင် (၂၀:၀၀) မှ (၂၁:၀၀) ထိ**
ဒေသစားရကိုးငါးပိကြော်

**အနောက်ပိုးကရင် (၂၁:၀၀) မှ (၂၂:၀၀) ထိ**
ရှင်သန်နေဆဲယပ်မနက်ခြင်းများ

**အရှေ့ပိုးကရင် (၂၂:၀၀) မှ (၂၃:၀၀) ထိ**
တားပုတောင်ပေါ်မှ လှပသောမြင်ကွင်းတစ်ခွင်

**MRTV NEWS**

- **၀၆:၀၀** အဖွင့်၊ တေးသီချင်း
- **၀၆:၀၅** လှုပ်လှုပ်ရှားရှားအားကစား
- **၀၆:၄၀** အားကစားသတင်း
- **၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
- **၀၈:၄၅** WISH YOU HAPPY NEW YEAR 2023
- **၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
- **၁၀:၁၅** 'ဒီမိုကရေစီဆိုသည်မှာ'
- **၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
- **၁၂:၃၀** နိုင်ငံတကာသတင်း (LIVE)
- **၁၄:၀၀** Myanmar National News
- **၁၆:၀၀** သတင်းမှန်ကဏ္ဍ (LIVE)
- **၁၉:၄၀** (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ် "ဂုဏ်ပြုကြိုဆို (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကို"

**MRTV PARLIAMENT**

- **၀၉:၀၀** အဖွင့်အခါ
- **၀၉:၃၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို "အတုမှန်းသိလျက်လက်ရှိထားမှု"
- **၁၀:၀၀** ပြည်ထောင်စုလွှတ်တော်ကော်မရှင်၏ ကြေညာချက်သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၄
- **၁၁:၀၀** PR SYSTEM ရှင်းလင်းပွဲ
- **၁၁:၃၀** 'အတွေးအမြင်' အပိုင်း-၄

**MRTV FARMERS**

- **၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- **၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- **၀၆:၃၀** ရာသီဥတုနှင့်လိုက်လျောညီထွေသည့် စိုက်ပျိုးထုတ်လုပ်မှု
- **၀၇:၀၀** စိုက်ပျိုးမွေးမြူသုတဘဏ်
- **၀၇:၁၀** ရှမ်းပြည်နယ်၊ နောင်ချိုကြာတန်နှင့် သစ္စာပန်းစိုက်ပျိုးရေး
- **၀၇:၃၅** တစ်ပိုင်တစ်နိုင်ရေပေါ်လှောင်အိမ်ဖြင့် ငါးမွေးမြူခြင်း
- **၀၈:၂၀** ကျန်းမာကြံ့ခိုင်အာဟာရပြည့်ဝစို့ ပဲမှန့်မျိုးစုံစားသုံးကြပါစို့
- **၀၉:၂၀** ဒေသနှင့်ကိုက်ညီတဲ့ စိုက်ပျိုးနည်း

**MRTV SPORTS**

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** SPORTS NEWS
- **၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
- **၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

Education Channel တို့ နေ့စဉ် နံနက် (၁၀း၀၀)နာရီမှ ည(၁၁း၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း ဆဋ္ဌမအကြိမ်မြောက် ဆရာကန်တော့ပွဲနှင့် သက်ကြီးပူဇော်ပွဲကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း၏ ၂၀၂၃ ခုနှစ် နှစ်ဦးအလှူ ဆဋ္ဌမအကြိမ်မြောက်ဆရာကန်တော့ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အလှူငွေလက်ခံခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။ ဦးစွာ ဝန်ထမ်းဟောင်းများအသင်းမှ အကြောင်းအမျိုးမျိုးကြောင့် ကွယ်လွန်သွားကြသော ဆရာသမားများ၊ ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များ၊ အသင်းအမှုဆောင်များနှင့် အသင်းသူ၊ အသင်းသားများအတွက် ရည်စူးလှူဒါန်းမှုကုသိုလ်အဖြစ် ဆရာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြကာ လှူဒါန်းမှုအစုစုကို အမျှပေးဝေကြသည်။

ဆက်လက်၍ ဝန်ထမ်းဟောင်းများအသင်း ဥက္ကဋ္ဌ ဦးမြင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး အသင်းအမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများနှင့် အလှူရှင်များက ဆရာသမားများနှင့် အသက် ၈၀နှင့်အထက် သက်ကြီးပုဂ္ဂိုလ်များအား ကန်တော့ကြသည်။

ထို့နောက် မြန်မာ့အလင်းသတင်းစာတိုက် စာတည်းမှူးချုပ် (ငြိမ်း)ဦးရဲမြင့်ဖေ၊ ညွှန်ကြားရေးမှူး(စီမံ)(ငြိမ်း) ဦးလှကြင်နှင့် ယခင်လုပ်သားပြည်သူ့နေ့စဉ် သတင်းစာမှ အထွေထွေ စီမံခန့်ခွဲရေးမှူး(ငြိမ်း)ဦးမြင့်ထွန်းတို့က မုဒိတာစကားများ ပြောကြားပြီး ကန်တော့ခံ ပုဂ္ဂိုလ်များက ကန်တော့ခံရခြင်းနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားခဲ့ကြသည်။

**အာကာလင်း**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁-၁-၂၀၂၃

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၂၃၄၁၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၂၃၃၉၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၈၁၈ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ | အမေရိကန်ဒေါ်လာ ၁၈၁၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၆၅ ကျပ် | ၂၄၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၄၅ ကျပ် | ၂၄၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၃၀ ကျပ် | ၂၀၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၈၀ ကျပ် | ၂၁၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၇ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၆၅ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၈၃၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၂ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၆ . ၇၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၂ . ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၇၈ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၉၀၀ | ၃၅၇ | ၃၁၂၆၃၀၀ |
| MTSH | ၃၂၅၀ | ၃၃၀၀ | ၄၄၃ | ၁၄၆၁၈၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၆ | ၂၀၀၂၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၅ | ၂၈၅၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၅၆ | ၁၄၅၆၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁၀ | ၂၇၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၄၀၂ | ၁၉၇၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအကြို လွိုင်လင်မြို့နယ်၌ စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်း ဖွင့်ပွဲကျင်းပ



**လွိုင်လင် ဇန်နဝါရီ ၁**
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့သည့် လွိုင်လင်မြို့နယ် လွိုင်လင်အရှေ့ကျေးရွာအုပ်စု ခဲလောင်းကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို အဆိုပါကျေးရွာ ဂါလန် ၅၀၀၀ ဆံ့ ရေကန်အနီးတွင် ဒီဇင်ဘာ ၃၁ ရက်က ကျင်းပသည်။

ဦးစွာ ခဲလောင်းကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်း ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း အစီအစဉ်ကို ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် အဖွဲ့ဝင် ဦးခွန်ထွန်းမောင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွဋ်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ဆက်လက်၍ ပြည်နယ်ဦးစီးမှူးက အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်က ကျေးဇူးတင်စကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက ခဲလောင်းကျေးရွာ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခဲလောင်းကျေးရွာဒေသခံ တိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည် ပြောကြားရာတွင် မိမိတို့ကျေးရွာသည် ယခင်က ရေအခက်အခဲများစွာ ရှိခဲ့ကြောင်း၊ ကျေးရွာနှင့် စိမ့်စမ်းရေထွက်ရှိသည့် နေရာနှင့် နှစ်မိုင်ခန့်ဝေးကွာကြောင်း၊ ယခုကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးသည့်အတွက် များစွာကျေးဇူးတင်ရှိကြောင်း၊ ထို့ပြင် အိမ်တိုင်ရာရောက် ရေပိုက်သွယ်တန်းပေးခြင်းအတွက် ရာသီမရွေး ရေအခက်အခဲမရှိတော့ကြောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ခဲလောင်းကျေးရွာ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၅ ဒသမ ၂၂ သန်းဖြင့် ဆောင်ရွက်ပေးရာ စိမ့်စမ်းရေထွက်မှ ကျေးရွာအရောက် ၂/၆ မိုင် အရှည်ရှိကြောင်း၊ တစ်နာရီရေရောက်ရှိနှုန်း ဂါလန် ၈၀၀ ဖြစ်ကြောင်း၊ ခဲလောင်းကျေးရွာတွင် အိမ်ခြေ ၁၁၇ အိမ်နှင့် လူဦးရေ ၆၈၄ ဦးအတွက် အကျိုးပြုနိုင်ခဲ့ပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူးက ပြောကြားသည်။

၁၅၁

## မင်းဘူးမြို့၌ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ထုတ်လွှတ်နိုင်ရေး မြေပြင်လုပ်ငန်း ၉၇ ရာခိုင်နှုန်းပြီးစီး

**မင်းဘူး ဇန်နဝါရီ ၁**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ ဇီးအိုင်ကျေးရွာအနီးရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစီမံကိန်းမှ ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ထုတ်လွှတ်နိုင်ရေးအတွက် မြေပြင်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၉၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း စီမံကိန်းတာဝန်ခံထံမှ သိရသည်။

အဆိုပါ စီမံကိန်းကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က ဂုတ်ကြီးကွင်း အမှတ် ၁၂၇၃ စီမံကိန်းဧရိယာ ၈၃၆ ဧကဖြင့် ဖွင့်လှစ်ဆောက်လုပ်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန် ၂ ရက်တွင် ဓာတ်အား ၄၀ မဂ္ဂါဝပ် စတင်ထုတ်လွှတ်၍ ရခိုင်ပြည်နယ် အမ်းမြို့ဓာတ်အားခွဲရုံသို့ ၂၅ မဂ္ဂါဝပ်နှင့် မင်းဘူးမြို့ မန်းဓာတ်အားခွဲရုံသို့ ၁၅ မဂ္ဂါဝပ် ပို့လွှတ်ထားပြီးဖြစ်သည်။

စီမံကိန်း စတင်ဆောင်ရွက်စဉ်က အဆင့် (၄) ဆင့် ဆောင်ရွက်လျက်ရှိပြီး ပထမအဆင့် ၄၀ မဂ္ဂါဝပ်၊ ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ်၊ တတိယ အဆင့် ၄၀ မဂ္ဂါဝပ်နှင့် စတုတ္ထအဆင့် ၅၀ မဂ္ဂါဝပ်များဖြင့် ဓာတ်အား ထုတ်လွှတ်နိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဓာတ်အားထုတ်လွှတ်ခြင်းမှ ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ထုတ်လွှတ်ခြင်းကို ကိုဗစ်-၁၉ ရောဂါများကြောင့် ကြန့်ကြာလျက်ရှိပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ စတင်ကာ မြေပြင်လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခုအခါ ၉၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်၍ ခွဲရုံသုံးပစ္စည်း၊ ထရန်စဖော်မာနှင့် လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများ ရောက်ရှိလာပြီး ရာသီဥတုသာယာပါက တစ်နှစ်အတွင်း တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးစီးနိုင်ပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့၏ အတည်ပြုချက်ရရှိပါက ဓာတ်အားပို့လွှတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း GEP (Myanmar) Co.,Ltd. မှ စက်ရုံမှူး ဦးညွန့်အောင်က ပြောသည်။

**ဇေယျာထက်(မင်းဘူး)**



**ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။**

## သာကေတမြို့နယ်၌ ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ

**သာကေတ ဇန်နဝါရီ ၁**
ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ဒီဇင်ဘာ ၃၁ ရက်က မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ သာကေတ မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြီးမှူးဖွင့်လှစ်သည့်ရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်း အမှတ်စဉ်(၄/၂၀၂၂)၊ (၅/၂၀၂၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စွာဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ကြက်ခြေနီရှေးဦးပြုစုခြင်း (အခြေခံ) သင်တန်းအမှတ်စဉ် (၄/၂၀၂၂) ၌ ဆုရရှိသည့် အမှတ် (၁) အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ငါးဦးနှင့် အမှတ်(၂)အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူ ငါးဦးတို့ အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် အရှေ့ပိုင်းခရိုင် ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုများ ကို ချီးမြှင့်ခဲ့ပြီး ၂၀၂၃ ခုနှစ် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်တိုင်း ဒေသကြီး အမျိုးသားအားကစားအဖွဲ့၊ ဆပ်ကော်မတီ၊ နယကဖလား မြို့နယ်ပေါင်းစုံ လှယဉ်ကျေးမယ်နှင့် ကာယအလှမယ်ပြိုင်ပွဲ၌ ကာယအလှမယ် တတိယဆုရရှိသော မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတိယ တပ်ခွဲမှူး မပန်းမြတ်မွန်အား မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့သည်။

မြို့နယ်ကြက်ခြေနီအသင်းခွဲမှ ကြီးမှူး ဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်းသင်တန်းကို ဒီဇင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ကြက်ခြေနီ အကြောင်းသိကောင်းစရာ၊ လူနာဆန်းစစ်ခြင်း၊ ဒဏ်ရာနှင့် သွေးယိုစီးခြင်း၊ အရိုးကျိုးခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ အခြေခံ အသက်ကယ် အထောက်အကူပြုနည်း၊ အပူလောင်ခြင်း၊ အရည်အပူလောင်ခြင်း၊ အဆိပ်သင့်ခြင်းနှင့် ပတ်သက်သည့် ရှေးဦးပြုစုခြင်းနှင့် အခြေခံသဘောတရားများကို တိုင်းကြက်ခြေနီ ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲမှ နည်းပြများက အမှတ်(၁)၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများ၌ ဖွင့်လှစ်သင်ကြားပေးရာ ကျောင်းသား ကျောင်းသူ ၂၀၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ**
**(ပြန်/ဆက်)**




## ငဖဲမြို့နယ်၌ ကော်ဖီနှင့်အခြားအရိပ်ရ ပျိုးပင်ပေါင်း တစ်သိန်းကျော် ပျိုးထောင်ထားရှိ

**ငဖဲ ဇန်နဝါရီ ၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မကွေးတိုင်း ဒေသကြီး ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (နတ်ရေကန်)၌ တောင်ပေါ်ဒေသ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိမ်းလန်းစိုပြည်ရေး၊ ကျေးလက် နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ဖီတိုးချဲ့ စိုက်ပျိုးနိုင်ရေးတို့အတွက် လာမည့် ၂၀၂၃ ခုနှစ် မိုးရာသီတွင် သစ်ပင်များ စိုက်ပျိုးနိုင်ရန်အတွက် ကော်ဖီခြံပျိုးဥယျာဉ်၌ ဒေသနှင့်ကိုက်ညီ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော အာရေဗီးကားမျိုးဖြစ်သော ကက်တီမိုး (SL.28) စသည့် မျိုးကောင်းမျိုးသန့် ကော်ဖီပင်နှင့်အခြား အရိပ်ရပျိုးပင်ပေါင်း တစ်သိန်းကျော် ပျိုးထောင်ထားရှိကြောင်း သိရသည်။

အဆိုပါ ပျိုးဥယျာဉ်တွင် ကော်ဖီပင် ၁၁၅၀၀၀၊ ထောပတ် ၂၀၀၀၀၊ မျောက်ငို ၂၀၀၀၀၊ မက္ကဒေးမီးယားပင် ၁၀၀၀၀ နှင့် ခါတော်မှီ ၂၀၀၀၀ စုစုပေါင်း ပျိုးပင် ၁၈၅၀၀၀ ကို ပျိုးထောင်ထားရှိပြီး ၂၀၂၃-၂၀၂၄ ခုနှစ် မိုးရာသီအမီ ဒေသခံတောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ လွယ်ကူစွာ ကော်ဖီစိုက်ပျိုးနိုင်ရန်အတွက် ဖြန့်ဝေပေးမည်ဖြစ်ကြောင်း ကော်ဖီခြံတာဝန်ခံ ဦးဇော်သိန်းထံမှ သိရသည်။

မြို့နယ် တောင်ပေါ်ဒေသနတ်ရေကန်၌ ၂၀၀၂ ခုနှစ်မှ စတင်၍ အာရေဗီးကား(ကုန်းမြင့်) ကော်ဖီမျိုးများကို စိုက်ပျိုးခဲ့ရာ ယနေ့ထိ စိုက်ပျိုးရေးဦးစီးဌာနမှ ၂၉ ဧကနှင့် ပုဂ္ဂလိကတောင်သူစိုက်ဧက ၁၀၅၆ ဧက စုစုပေါင်း ၁၀၈၅ ဧကကျော် စိုက်ပျိုးထားပြီး လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကော်ဖီစိုက်ဧက ၂၅၀၀ ကို အကောင်အထည်ဖော် တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **မယု(ငဖဲ)**

# အင်းဝရှေးဟောင်းနယ်မြေ၌ ပြည်တွင်းခရီးသွားများ လည်ပတ်မှုများပြား

**မန္တလေး ဇန်နဝါရီ ၁**

**မန္တလေးတိုင်းဒေသကြီး အင်းဝရှေးဟောင်းနယ်မြေ၌ ယခုရက်ပိုင်းတွင် ပြည်တွင်းခရီးသွားများဖြင့် စည်ကားလျက်ရှိပြီး ပြည်ပခရီးသွားအချို့လည်း လည်ပတ်မှုရှိ၍ ဒေသခံများဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။**

ဒီဇင်ဘာကျောင်းပိတ်ရက်မှစ၍ လာရောက်လည်ပတ်သူ၊ အနားယူလေ့လာသူများ ယခင်လများထက် ပိုမိုများပြားလာသဖြင့် မြင်းလှည်းမောင်းသူများ၊ အမှတ်တရပစ္စည်းနှင့် စားသောက်ဖွယ်ရောင်းချသည့်ဆိုင်များ၊ ဧည့်သည်များ၏ ဖုန်းဖြင့် ဓာတ်ပုံရိုက်ပေးသူများ ဝင်ငွေပိုမိုရရှိလာကြသည်။

"ဒီဇင်ဘာ ကျောင်းပိတ်ရက်ကစပြီး စည်ကားလာတယ်။ အဲဒီအရင်ရက်တွေက ဧည့်သည်ပါးလို့ တစ်နေ့ကို မြင်းလှည်းတစ်ခေါက်လောက်ရဖို့ မလွယ်ဘူး။ ခုရက်ပိုင်းမှာလာတဲ့ ဧည့်သည်က တစ်ရက်ကို ငါးရာကနေ တစ်ထောင်နီးပါးလောက် ရှိတယ်။ ဧည့်သည်အဝင်များရင် ဆိုင်တွေလည်း ရောင်းကောင်းတော့ ဒေသခံတွေ အဆင်ပြေကြတယ်။ အင်းဝမှာ မြင်းလှည်းစီးပြီး ဘုရားဖူးလည်ပတ်သူများတယ်။ မြင်းစာဈေးက သုံးဆလောက်တက်သွားပေမယ့် မြင်းလှည်းခက ကျပ် ၁၀၀၀၀ ကနေ ၁၅၀၀၀ ပဲယူတယ်။ တစ်ရက်နှစ်ခေါက်လောက်ရရင် တွက်ခြေကိုက်တယ်" ဟု မြင်းလှည်းမောင်းသူတစ်ဦးက ပြောသည်။

ပွင့်လင်းရာသီဖြစ်ခြင်းနှင့် ဒီဇင်ဘာနှစ်သစ်ကူးရာသီချိန်ဖြစ်၍ ပြည်တွင်းခရီးသွားဝင်ရောက်မှုများပြားသကဲ့သို့ အောက်တိုဘာလမှစ၍ ပြည်ပခရီးသွားအချို့လည်း ဝင်ရောက်ခဲ့ပြီး တစ်လလျှင် ပြည်ပခရီးသွားဦးရေ ၃၀ ကျော်ရှိရာ လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီမှစ၍ ပြည်ပခရီးသွားဝင်ရောက်မှုပိုမိုများပြားလာနိုင်ကြောင်း ခရီးသွားလုပ်ငန်းအေဂျင်စီများက သုံးသပ်ထားသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားကဏ္ဍအပေါ် သက်ရောက်မှုရှိခဲ့ရာ ပြည်ပခရီးသွားများကို အားထားရသည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အင်းဝမြို့တွင် ယခင်က မြင်းလှည်းစီးရေ ၂၀၀ ခန့်ရှိခဲ့ရာမှ လက်ရှိတွင် မြင်းလှည်းစီးရေ ၅၀ ဝန်းကျင်သာ ကျန်ရှိပြီး အင်းဝဒေသခံများအနေဖြင့် ပြည်တွင်းဧည့်သည်များကို အားထားနေရကြောင်း သိရသည်။

**မောင်အေးချမ်း**



# ရိုးရာယဉ်ကျေးမှုနှင့် ဆင်ယင်ထုံးဖွဲ့မှုဓလေ့များရှိသည့် ရေပုတ်ကြီးရွာသို့ အာဆီယံနိုင်ငံများနှင့် အနောက်နိုင်ငံများပါ လာရောက်လေ့လာ

**မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်**

ရေပုတ်ကြီးကျေးရွာမှ ရိုးရာယဉ်ကျေးမနှင့် ဆံရစ်ဝိုင်း ဆင်ယင်ထုံးဖွဲ့မှု ဓလေ့များကို အာဆီယံနိုင်ငံများ၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနှင့် အနောက်နိုင်ငံများကပါ လာရောက်လေ့လာလျက် ရှိကြသည်။



ရေပုတ်ကြီးကျေးရွာသည် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုကို အစဉ်လေးစား တန်ဖိုးထားကာ လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့သော ကျေးရွာ တစ်ရွာဖြစ်သည်။ ဆံရစ်ဝိုင်း ထုံးဖွဲ့မှုကို အသက်ငါးလအရွယ်မှ စတင်ကာ ယောကျ်ားလေး၊ မိန်းကလေး အကုန်ထားကြပြီး ဆံရစ်ဝိုင်းထားသူဦးရေ ၆၀၀ ကျော် ၇၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် ဆံရစ်ဝိုင်း ထုံးဖွဲ့မှုကို ငါးမျိုးထားရှိပြီး လသားအရွယ်တွင် ဦးစမုတ်ပုံစံ၊ အသက်သုံးနှစ်မှ လေးနှစ်အတွင်း ကြက်တောင်စည်းပုံစံ၊ အသက်ငါးနှစ်မှ ခြောက်နှစ်တွင် ဆံရစ်ဝိုင်းပုံစံ၊ အသက် ၁၆ နှစ်တွင် ဂျပန်ဆံတောက်ပုံစံနှင့် အသက် ၁၇ နှစ်မှ ၁၈ နှစ်အရွယ်တွင် နောက်ကောက်ပုံစံဟူ၍ ထုံးဖွဲ့ ထားလေ့ရှိကြသည်။



ရေပုတ်ကြီးကျေးရွာတွင် ဆံရစ်ဝိုင်းထားကြသည်မှာ ရှေးမြန်မာဘုရင်များလက်ထက်ကဟု ယူဆကြပြီး ဆံရစ်ဝိုင်း အမျိုးသမီး အဖွဲ့အစည်းများကို ၂၀၁၅ ခုနှစ်မှစတင်ကာ ဖွဲ့စည်းထားကြောင်း သိရသည်။ ရွာ၏ ဆံရစ်ဝိုင်းထားရှိသည့် ဓလေ့ကို မပျောက်ပျက်အောင် ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်း၍ ထိန်းသိမ်းစောင့်ရှောက်ထားကြသည်။

ရေပုတ်ကြီးရွာ၏ ထူးခြားမှုနှင့် ကြည့်ရှုလေ့လာစရာများမှာ ရွာ၏အရှေ့ဘက်တွင် ငှက်တစ်ကောင်၏ အစာဇလုတ် ပုံသဏ္ဍာန်နှင့်တူသည့် ရေကန်ကြီးတစ်ကန်ရှိခြင်း၊ မဏိစည်သူမင်းကြီးနှင့် မိဖုရားကြီး ကိုယ်တိုင် လာရောက်ဖူးမြော်ကြသော ဇရာသုခ ကိုးတောင်ပြည့်စေတီ(ခေါ်) ရတနာဦး ဆုတောင်းပြည့်စေတီတော်၊ ဘုရား၊ ရေကန်၊ ကျောင်းဇရပ်နှင့် ပန်းသင့်နေသည့်အပြင် ဆံရစ်ဝိုင်းထားသူ ကလေးငယ်များ၏ ရိုးရာယဉ်ကျေးမှုအရ ထားရှိကြသော ဆင်ယင်ထုံးဖွဲ့မှုဓလေ့များရှိနေရာ ပွင့်ဖြူမြို့နယ် ရှောက်တောရွာမှ သာယာဖြောင့်ဖြူးသော တမံပေါင်လမ်းအတိုင်း သွားရောက်ကြည့်ရှုခံစားနိုင်ကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# ချောင်းသာကမ်းခြေ၌ နှစ်ကူးပိတ်ရက်များတွင် လာရောက်လည်ပတ်သူများ စည်ကားနေ

**ချောင်းသာ ဇန်နဝါရီ ၁**

နှစ်ကူးပိတ်ရက်များတွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာမြို့သို့ အနယ်နယ်အရပ်ရပ်မှခရီးသွားဧည့်သည် ဝင်ရောက်မှု အထူးများပြားလျက်ရှိပြီး ချောင်းသာကမ်းခြေတွင်လည်း အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရသည်။

လာရောက်လည်ပတ်သူများ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူနိုင်ရန်၊ လုံခြုံမှုရှိစေရန်၊ ကမ်းခြေသန့်ရှင်းသာယာလှပရန်၊ ကမ်းခြေတွင် ဈေးရောင်းချသည့် ဈေးသည်များ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချစေရန်၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရန်အတွက် မြို့အုပ်ချုပ်ရေးမှူး ဦးသီဟအောင် ဦးဆောင်သည့် တာဝန်ရှိသူများအဖွဲ့က ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချောင်းသာမြို့သို့ ဝင်ရောက်လာသည့် ခရီးသွားဧည့်သည်များသည် ချောင်းသာကမ်းခြေအပြင် ဖိုးကလားကျွန်း၊ သဲဖြူကျွန်းတို့သို့ စက်လှေ၊ မော်တော်ဘုတ်များ၊ ကျောက်မောင်နှမသို့ ကား၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များဖြင့် သွားရောက်လည်ပတ်မှုများလည်း ရှိကြောင်း သိရသည်။

**ကျော်ကျော် (ပြန်/ဆက်)**

# ရန်ကင်းမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**ရန်ကင်း ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ဒီဇင်ဘာ ၂၉ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက လူငယ်စကားဝိုင်း ပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အိရွှေစင်နှင့်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာမဒေါ်ယဉ်ယဉ်ဌေး တို့က ဦးဆောင်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် အားကစား၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**






အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို

စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# ပုဂံဒေသ၏ နေဝင်ဆည်းဆာကြည့် တောင်ကုန်းတုများ၌ နှစ်ကုန် နေဝင်ချိန်ရှုခင်း ကြည့်ရှုသူများပြား

**ညောင်ဦး ဇန်နဝါရီ ၁**

နှစ်သစ်ကူးရုံးပိတ်ရက်များတွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ ပုဂံ-ညောင်ဦး ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်ဘုရား၊ ပုထိုးများ၊ သမိုင်းဝင်သာသနိကအဆောက်အအုံများသို့ လာရောက်မှုများပြားနေကြောင်းနှင့် နေဝင်ချိန်ဆည်းဆာမြင်ကွင်းကြည့်ရှုရန် ပြုလုပ်ထားသည့် တောင်ကုန်းတုများပေါ်တွင်လည်း ဒီဇင်ဘာ ၃၁ ရက်က လာရောက်ကြည့်ရှုသူ များပြားခဲ့ကြောင်း ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံမှ သိရသည်။

ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်သူများအနေဖြင့် ချမ်းအေးသည့် ဆောင်းရာသီကိုခံစားရင်း စေတီပုထိုးများသို့ မြင်းလှည်းငှားစီး၍ဖြစ်စေ၊ သုံးဘီးဆိုင်ကယ်နှင့် လျှပ်စစ်စက်ဘီးများနှင့်ဖြစ်စေ လည်ပတ်လေ့လာရင်း ပုဂံဒေသ၏ ၂၀၂၂ ခုနှစ် နှစ်ကုန် နေဝင်ဆည်းဆာမြင်ကွင်းကို ကြည့်ရှုကြရန်စောင့်ဆိုင်းကြသည်။

မန္တလေးမြို့မှ လာရောက်သည့် ဦးလင်းထွဋ်က ပုဂံမြို့၌ နေဝင်ဆည်းဆာမြင်ကွင်းကြည့်ရှုရန် ညအိပ်လာခဲ့ကြောင်း၊ ပုဂံ၊ ညောင်ဦးရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများတွင် ပြည်တွင်းဘုရားဖူးများဖြင့် ပြည့်နေပြီဖြစ်ကာ ဒီဇင်ဘာ ၃၁ ရက်တွင်လည်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ နေဝင်ဆည်းဆာကြည့်ရှုကြရန် နေဝင်ဆည်းဆာကြည့် တောင်ကုန်းတုများတွင် ခရီးသွားများ များပြားခဲ့ကြောင်း၊ ဘုရား၊ ပုထိုး၊ စေတီများကြားမှ နေလုံးကြီး တဖြည်းဖြည်းဆင်းလာပြီး တန့်ကြည်တောင်တန်းပေါ် နေလုံးကြီးရောက်ရှိချိန် အခိုက်အတန့်သည် မည်သည့် အရပ်ဒေသနှင့်မျှ နှိုင်းယှဉ်မရအောင် လှပလွန်းပြီး ပန်းချီကားတစ်ချပ်ကို ကြည့်နေရသည့် ခံစားမှုမျိုး ရရှိစေကြောင်း ပြောသည်။

ပုဂံမြို့၌ နေဝင်ဆည်းဆာကြည့်ရှုရန် မြေသားကုန်းမြင့်များပြုလုပ်ပေးထားရာ စူဠာမဏိဘုရားအနီးမှ ညွှန်လက်တစ်ဖက်ကုန်းမြင့်၊ တောင်ဘက်ရေကန်ထိပ်မှ ကိုမောက်ကြီးကုန်းမြင့်နှင့် မင်းနန်းသူကျေးရွာ ရေကန်ထိပ်နေဝင်ဆည်းဆာကြည့် ကုန်းမြင့်များတွင် နေဝင်ဆည်းဆာ ကြည့်ရှုသူများပြားခဲ့ကာ ဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးကြရန် ညနေ ၃ နာရီခွဲခန့်မှာပင် စတင်ရောက်ရှိလာကြပြီး ညနေ ၆ နာရီခွဲအချိန် နေလုံးကြီး ပျောက်ကွယ်သွားသည်အထိ စောင့်ဆိုင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။



**ကိုကြေးမုံ**

## ငွေဆောင်ကမ်းခြေ၌ နှစ်သစ်ကူးနေ့တွင် အပန်းဖြေလာရောက်သူများဖြင့်စည်ကား

**ငွေဆောင် ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့၌ ဒီဇင်ဘာ ၃၁ ရက်က ငွေဆောင်ကမ်းခြေသို့ လာရောက်အနားယူအပန်းဖြေကြသော ခရီးသွားဧည့်သည်များဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေသည် ကမ်းရိုးတန်းရှည်လျားခြင်း၊ ပင်လယ်ရေကြည်လင်ခြင်းနှင့် သဲသောင်ပြင်သန့်ရှင်းခြင်းတို့ကြောင့် ပြည်တွင်း၊



ပြည်ပခရီးသွားဧည့်သည်များ၏ စိတ်ဝင်စားမှုကိုရရှိကာ လာရောက်လည်ပတ်မှုများသည့် ကမ်းခြေတစ်ခုဖြစ်သည်။ ဒီဇင်ဘာ ၃၁ ရက် New Year နေ့တွင် ကမ်းခြေ၌ လမ်းလျှောက်ကြသူများ၊ အပန်းဖြေကြသူများ၊ ရေကူးကြသူများ၊ လှေစီးကြသူများ၊ ငွေဆောင်၏ အထင်ကရ ကျွန်းများဖြစ်သော မြွေကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ဆင်မကျွန်း၊ ကျွန်းလျားရှည်၊ ချစ်သူများကျွန်းနှင့် ဘုရားသုံးဆူသို့ သွားရောက်လည်ပတ်ကြသူများဖြင့် စည်ကားခဲ့သည်။

ငွေဆောင်ကမ်းခြေ၌ ဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ အနားယူနိုင်ရေး၊ လုံခြုံမှုရှိစေရေး၊ ကမ်းခြေသန့်ရှင်းသာယာလှပရေး၊ ကမ်းခြေဈေးရောင်းချသည့် ဈေးသည်များ သတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေးတို့အတွက် ငွေဆောင်မြို့အုပ်ချုပ်ရေးမှူးဦးသိန်းဇော်၊ ငွေဆောင်နယ်မြေ ရဲတပ်ဖွဲ့စခန်း၊ မြို့အဆင့်ဌာနဆိုင်ရာများ၊ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့များ ပူးပေါင်း၍ ကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်လင်းဦး( ပြန်/ဆက်)**

## သရက်ချောင်းမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဆင်း

**သရက်ချောင်း ဇန်နဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်အတွင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း(၁/၂၀၂၂) ဆင်းပွဲကို ဒီဇင်ဘာ ၃၀ ရက်က သရက်ချောင်းမြို့ မီးသတ်ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးထွေးဦးက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းသို့ တက်ရောက်ခဲ့သော သင်တန်းသားများအနေဖြင့် သင်ကြားခဲ့သော စာတွေ့၊ လက်တွေ့ ပညာရပ်များဖြင့် မိမိတိုင်း၊ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များတွင် စွမ်းစွမ်းတမံကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသက်နိုင်လွင်က သင်တန်းသားများအား စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းဆောင်ရည်မြင့်မားလာအောင် လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

**သားကြီး(သရက်ချောင်း)**

# ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**ညအပူချိန်**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အောက် လျော့နည်းနိုင်ကာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်ပါသည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ငါးရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တစ်ရက်မှ လေးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်ခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့တွင် ပေဝက်ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်ခန့်စီ၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးလက်မခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

**မိုး/ဇလ**

# ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးလျက်ရှိသော ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း ဓာတ်အားလိုင်း၏ တာဝါတိုင်တစ်တိုင် ဖောက်ခွဲဖျက်ဆီးခံရမှုနှင့် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်ပေးနိုင်မှုအခြေအနေအား သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ် နှစ်သစ်ကိုကြိုဆိုသည့် အခမ်းအနားများ ကျင်းပချိန်အတွင်း လျှပ်စစ်ဓာတ်အားမပြတ်တောက်ရေး ကြိုးပမ်းဆောင်ရွက်နေချိန် ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)သို့ လျှပ်စစ်ဓာတ်အား ၂၅၀ မဂ္ဂါဝပ်ခန့် ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသော ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း မဟာဓာတ်အားလိုင်း၏ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့အနီးရှိ တာဝါတိုင် တစ်တိုင်ကို NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများမှ (၁-၁-၂၀၂၃) ရက်နေ့ (၀၁:၀၀) နာရီ၌ ဖောက်ခွဲဖျက်ဆီးခဲ့၍ တာဝါတိုင် တိမ်းစောင်းသွားခဲ့သဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် (၁-၁-၂၀၂၃) ရက်နေ့ (၁၃:၀၀) နာရီမှစတင်ကာ တာဝါတိုင်လဲကျ၍ ဓာတ်အားပြတ်တောက်မှု မဖြစ်ပေါ်စေရေး အမြန်ဆုံးပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ ပုံမှန်ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းမှ ပုံမှန်ပို့လွှတ်နေသည့် ဓာတ်ငွေ့ပမာဏထက် လျှော့ချပို့လွှတ်နေစဉ် (၃၁-၁၂-၂၀၂၂)



၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း ဓာတ်အားလိုင်း ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း) ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့အနီးရှိ ဖျက်ဆီးခံရသည့် တာဝါတိုင်အား တာဝါတိုင် ပြိုလဲမှုမဖြစ်စေရန် အရေးပေါ် ပြုပြင်နေပုံ။



၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း ဓာတ်အားလိုင်း ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့အနီးရှိ ဖောက်ခွဲဖျက်ဆီးခံရသည့် တာဝါတိုင် တိမ်းစောင်းနေမှုအခြေအနေ။

ရက်နေ့ (၁၁:၀၀) နာရီခန့်တွင် ရတနာကမ်းလွန် ပလက်ဖောင်းပေါ်ရှိ ဓာတ်ငွေ့ဖိအား ထိန်းချုပ်စနစ်ချို့ယွင်းကာ မူလဓာတ်ငွေ့ပို့လွှတ်မှုပမာဏထက် လျော့ကျခဲ့၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့စက်ရုံများမှ စုစုပေါင်းထုတ်လုပ်မှု ၅၃၀ မဂ္ဂါဝပ်ခန့် လျော့နည်းခဲ့သဖြင့် ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အား တိုးမြှင့်ထုတ်လုပ်ခြင်း၊ ဓာတ်အားစနစ်ကွန်ရက် တည်ငြိမ်မှုရှိစေရန်အတွက် အခြားသော ၂၃၀ ကေဗွီ ဓာတ်အားလိုင်းများမှ ဝန်အားမျှ၍ ပို့လွှတ်ဖြန့်ဖြူးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ၂၃၀ ကေဗွီ တောင်ငူ-သာယာကုန်း မဟာဓာတ်အားလိုင်းတာဝါတိုင်အား အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိသလို ရတနာကမ်းလွန် သဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့ အမြန်ဆုံးပြန်လည်ရရှိရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုပါ ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေချိန်အတွင်း မလွှဲမရှောင်သာ ဓာတ်အားထိန်းညှိဖြန့်ဖြူးခြင်းများ ဆောင်ရွက်ရမှုအပေါ် ပြည်သူလူထုအနေဖြင့် နားလည်ပေးနိုင်ပါရန် သတင်းထုတ်ပြန်အပ်သည်။ **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## မြိတ်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း မီးလောင်မှုဖြစ်ပွားနေသည့် ငါးဖမ်းဝါးလတ်လှေတစ်စင်းအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် မြိတ်မြို့၏ အနောက်မြောက်ဘက် ရေမိုင် ၈ ဒသမ ၅ မိုင်အနီး ငါးဖမ်းဝါးလတ်လှေတစ်စင်း မီးလောင်နေကြောင်း သတင်းအရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ၁၂ နာရီခန့်တွင် သွားရောက်ရှာဖွေစိစစ်ခဲ့ရာ သုခမောင်(၇)အမည်ရှိ ငါးဖမ်းဝါးလတ်လှေတစ်စင်း မီးလောင်နေသည်ကို တွေ့ရှိခဲ့သဖြင့် မြန်မာနိုင်ငံရေကြောင်းရဲတပ်ဖွဲ့မှ ရေယာဉ်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ တင်ဆောင်ထားသည့် အရပ်ဘက်ရေယာဉ်များနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ပြီး(ယာပုံ) လှေပေါ်ပါ လှေလုပ်သား သုံးဦးမှာ မီးလောင်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးကုသမှု ခံယူရန်အတွက် မြိတ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး သရက်မြို့ အနောက်ရပ်တောင်ပိုင်းရပ်ကွက်နေ ဝင်းသီတာသည် ၎င်းအသုံးပြုသည့် “Win Thida” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်နေ အေးသွယ်(ခ) အေးအေးစိုးသည် ၎င်းအသုံးပြုသည့် “Aye Aye Soe” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရပ်ကွက်ကြီး(က)နေ နေလင်းဦးနှင့် အောင်သိဒ္ဓိလမ်းနေ ထွန်းမင်းသန့်တို့ နှစ်ဦးသည် ၎င်းတို့ အသုံးပြုသည့် “Nay Linn Oo” Facebook အကောင့်နှင့် “Htun Min Thant” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် (၁၆/၁)ရပ်ကွက်နေ ဇင်ကိုကိုလတ်သည် ၎င်းအသုံးပြုသည့် “Zin Ko Ko Latt” Facebook အကောင့်တို့သည် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်ပန်းပွဲတော်သို့ လာရောက်လေ့လာအပန်းဖြေကြသူတို့၏ စကားသံများ


မဖြိုးသန္တာအောင်


မကေခိုင်မြင့်


မစိမ့်စိမ့်ဇော်


မမေသူအောင်


မောင်ထွန်းနိုင်လင်း


ကိုတိုး

**ပြင်ဦးလွင် ဇန်နဝါရီ ၁**

အမျိုးသား ကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) ၌ ကျင်းပလျက်ရှိသည့် (၁၅) ကြိမ်မြောက် "Blooming Fantasy" ပန်းပွဲတော်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ စတင်ကျင်းပလျက်ရှိသည်။

အဆိုပါပန်းပွဲတော်တွင် ယခင်နှစ်များနှင့်မတူဘဲ ထိုင်းနိုင်ငံမှ အထင်ကရ ပန်းအနုပညာရှင် Mr.Joe "Rain Forest Thailand" မှ Landscape Design အသစ်များဖြင့် ပုံဖော်ခြင်းကို အဓိကထားပြီး ပြည်တွင်း ပြည်ပ ပန်းမျိုးစိတ်မျိုးစုံ၊ ရာသီပန်းမျိုးစုံတို့ကို ပေါင်းစပ်ကာ ဇုန်အလိုက် ဝေဝေဆာဆာခင်းကျင်းပြသထားသည့်အတွက် ပန်းပွဲတော်စတင်ကျင်းပသည့်နေ့ရက်မှ ယနေ့အထိ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ အုပ်စုလိုက်၊ အဖွဲ့လိုက် လာရောက်လည်ပတ်လျက်ကြောင်း သိရသည်။ အဆိုပါပန်းပွဲတော်တွင် "ပန်းဥယျာဉ်ဈေးပွဲတော်" ကိုပါ တွဲဖက်၍ ပန်းပွဲတော်ကာလ နေ့ရက်များအတိုင်း ဒီဇင်ဘာ ၁၅ ရက်မှ ဇန်နဝါရီ ၁၅ ရက်အထိ ထည့်သွင်းကျင်းပလျက်ရှိရာ ပန်းပွဲတော်လာ ခရီးသွားပြည်သူများနှင့်တွေ့ဆုံ၍ ရင်တွင်းခံစားချက်များကို အများပြည်သူ သိရှိနိုင်စေရန် ရေးသားဖော်ပြလိုက်ရပါသည်။

**မဖြိုးသန္တာအောင် (မန္တလေး)**

မန္တလေးကနေ ပန်းပွဲတော်ကို လာရောက်လည်ပတ်တာပါ။ ပန်းပွဲတော်မှာ အနယ်နယ်အရပ်ရပ်က ခရီးသွားပြည်သူတွေများစွာ လာရောက်လည်ပတ်နေတာကို တွေ့ရပါတယ်။ ပန်းပွဲတော်နဲ့ တွဲဖက်ကျင်းပနေတဲ့ ပန်းဥယျာဉ်ဈေးပွဲတော်မှာလည်း ဒေသထွက်ကုန်များ ရောင်းချနေတာကို တွေ့ရပါတယ်။ ဒီပန်းပွဲတော်မှာခင်းကျင်းပြသထားတဲ့ ပန်းတွေကိုလည်းစုံလင်စွာတွေ့မြင်ခဲ့ရပါတယ်။

**မကေခိုင်မြင့် ( ရန်ကုန်မြို့)**

ပန်းပွဲတော်ကို ရန်ကုန်ကနေ မိသားစုနဲ့အတူ လာရောက်လည်ပတ်တာဖြစ်ပါတယ်။ ဒီကိုလာရတာ အလွန်သဘောကျတယ် အလွန်လည်း ပျော်ပါတယ်။ အကြောင်းကြောင်းကြောင့် ဒီကိုမရောက်တာကြာပါပြီ၊ အခုမိသားစုနဲ့အတူ လာရတဲ့အတွက်ရော၊ ပန်းတွေကိုမြင်ရတဲ့အတွက်ရော၊ အလွန်ကြည်နူးရပါတယ်။ ကျွန်မကပန်းတွေကို အလွန်သဘောကျတဲ့အတွက် ပန်းတွေရဲ့ပုံတွေ အများကြီး ဓာတ်ပုံရိုက်သွား တယ်။

**မစိမ့်စိမ့်ဇော် (Sweet Jam)**

ကျွန်မတို့ Sweet Jam ကို ပန်းပွဲတော် ဒေသထွက်ကုန်ပစ္စည်းများ ပြပွဲမှာ ၁၅ ရက်ကနေစပြီး ရောင်းချခဲ့ပါတယ်။ စတော်ဘယ်ရီယို ၊ နာနတ်ယို၊ ရှောက်ယိုတွေအစုံရောင်းချပါတယ်။ ဒေသထွက် မက်မန်းသီးတွေလည်း အစုံဆိုင်မှာ ခင်းကျင်းပြသ ရောင်းချလျက်ရှိပါတယ်။ ခရစ္စမတ်နေ့ကတော့ ဧည့်သည်လာရောက်မှုများပြားတဲ့အတွက် အများကြီး ရောင်းချခဲ့ရပါတယ်။ အရောင်းရဆုံးကတော့ စတော်ဘယ်ရီယိုပဲဖြစ်ပါတယ်။ ကျွန်မတို့ရောင်းတဲ့ထဲမှာ ဒေသထွက် ဝိုင်တွေလည်းပါပါတယ်။ ဝိုင်ပုလင်းတွေနဲ့ပတ်သက်လို့ ဒီမှာဝယ်သွားတဲ့အပြင် ဖုန်းဆက်ပြီး ထပ်မှာတာတွေလည်းရှိပါတယ်။ ပန်းပွဲတော်မှာ ဒေသထွက်ကုန်ပစ္စည်းတွေ အခုလို ရောင်းရတဲ့အတွက် များစွာဝမ်းသာမိပါတယ်။

**မမေသူအောင် (MayMyo Sweater House, Sweater Factory)**

ကျွန်မတို့ MayMyo Sweater House, Sweater Factory ကို ပန်းပွဲတော် စတင်တဲ့ ၁၅ ရက်မှစပြီး ဒေသထွက်ကုန်ပစ္စည်းများ ပြပွဲအတွင်းက ဆိုင်ခန်းတွေမှာ ခင်းကျင်းရောင်းချခဲ့ပါတယ်။ မေမြို့ဆွယ်တာ လုပ်ငန်းဖြစ်တဲ့အတွက် လာရောက်လည်ပတ်တဲ့ အနယ်နယ်အရပ်ရပ်က ခရီးသွားပြည်သူတွေကို လျှော့ဈေးတွေနဲ့လည်း ရောင်းချပေးနေပါတယ်။ ရောင်းအားအနေနဲ့ကတော့ အခြားပွဲတော်များထက် ပန်းပွဲတော်က မေမြို့ဆွယ်တာတွေ ပိုရောင်းရလို့ ဝမ်းသာမိပါတယ်။

**မောင်ထွန်းနိုင်လင်း (နမ့်ဆန်)**

ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)နမ့်ဆန်မြို့မှ သူငယ်ချင်းနဲ့အတူ လာရောက်လည်ပတ်တာပါ။ ပန်းပွဲတော်ကို အခုမှ ပထမဆုံးအကြိမ် လာရောက်လည်ပတ်ဖူးတာပါ။ ပန်းပွဲတော်မှာပန်းတွေကိုလှပစွာ ဝေဝေဆာဆာ တွေ့မြင်ရတဲ့အတွက် စိတ်ပျော်ရွှင်မှုဖြစ်ရပါတယ်။ သူငယ်ချင်းတွေနဲ့အတူ ဒီပန်းပွဲတော်မှာခင်းကျင်းပြသထားမှုတွေကို စုံအောင်လိုက်ကြည့်သွားမှာပါ။ ဒီကိုရောက်တာအလွန်ပျော်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်ခင်ဗျ။

**ကိုတိုး (နှလုံးလှကြယ်စင်)**

**အပျော်တမ်း ဓာတ်ပုံဆရာ**

ကျွန်တော်က ဓာတ်ပုံကိုဝါသနာပါတဲ့အတွက် ပန်းပွဲတော်စတင်ဖွင့်လှစ်တဲ့နေ့ကတည်းက ပွဲတော်အတွင်းမှတ်တမ်းဓာတ်ပုံတွေ အပျော်တမ်းလာရိုက်နေတာပါ။ ပန်းပွဲတော်မစခင်ကတည်းကတော့ ခရီးသွားပြည်သူတွေ လာရောက်လည်ပတ်နေတာကနေ အခုတော့ တဖြည်းဖြည်းနဲ့ ပိုများလာတာ ကျွန်တော်တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ခရစ္စမတ်နေ့ကဆိုရင် တိုးလို့ကိုမရအောင် လူတွေတအားစည်ကားခဲ့ပါတယ်။ ခရီးသွားတွေရဲ့ မျက်နှာဟာဆိုရင် ပျော်ရွှင်လွတ်လပ်ပေါ့ပါးနေတာကိုတွေ့ရပါတယ်။ ကျွန်တော်က မေမြို့မှာဓာတ်ပုံကို လျှပ်တစ်ပြက်ရိုက်ပြီး မှတ်တမ်းယူတဲ့သူဆိုတော့ ကျွန်တော်ရိုက်ခဲ့သမျှ နေရာတွေထဲမှာတော့ ဒီပန်းပွဲတော်ကိုရောက်ရှိလာတဲ့သူတွေရဲ့ ပြုံးပျော်နေတဲ့မျက်နှာနဲ့ ဓာတ်ပုံတွေ အများကြီးရပါတယ်။ ပွဲတော်ရက်ကလည်း အများကြီးကျန်သေးတာဆိုတော့ ရှေ့လျှောက်လည်း စည်ကားဖို့ အများကြီးရှိပါတယ်။

ပြင်ဦးလွင် (ခရိုင်/ပြန်ဆက်)

## နိုင်ငံတကာနှစ်သစ်ကူးအားလပ်ရက်အတွင်း ကော့သောင်းမြို့နယ် ပင်လယ်အပန်းဖြေကျွန်းများသို့ ပြည်တွင်းခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိ

**ကော့သောင်း ဇန်နဝါရီ ၁**

တနင်္သာရီတိုင်းဒေသကြီး အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနေမှုနှင့်အတူ နိုင်ငံတကာနှစ်သစ်ကူး အားလပ်ရက်များအတွင်း ကော့သောင်းမြို့နယ် အက်ဒမန် ပင်လယ်အတွင်းရှိ အပန်းဖြေကျွန်းများသို့အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိပြီး **(အောက်ပုံ)** မြို့နေပြည်သူအများစုမှာ ထိုင်းနိုင်ငံ ရနောင်းမြို့ဘက်သို့ နှစ်သစ်ကူးအလည်အပတ် သွားရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို ယနေ့နံနက်ပိုင်းက မြို့ဆိပ်ကမ်းတွင် တွေ့မြင် ရသည်။

လာရောက် လည်ပတ်ကြသည့် ပြည်တွင်းခရီးသွားဧည့်သည်များမှာ ရန်ကုန်၊ မန္တလေးနှင့် အထက်မြန်မာပြည်မြို့များမှ ဖြစ်ကြပြီး ကော့သောင်းမြို့၏ အထင်ကရ သမိုင်းဝင်နေရာများဖြစ်သည့် ယခင်ဗစ်တိုးရီးယားပွိုင့် (ခေါ်) ဘုရင့်နောင်အင်ု၊ ဘုရင့်နောင်မင်းတရားကြီး ရုပ်တုကုန်းမြေ ၊ မြို့ကျက်သရေဆောင်ပြည်တော်အေးစေတီတော် ၅၅၅ တောင်ဖျူးပွိုင့်၊ မလိဝမ်းသဘာဝရေတံခွန်၊ သဘာဝရေပူစမ်းနှင့် ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်းရှိ သာယာလှပသည့် သဘာဝအလှမပျက်ယွင်းသေးသည့် ငှက်သိုက်ကျွန်း၊ ညောင်ဦးဖီးကျွန်း၊ စေတန်ကျွန်း၊ မြင်းခွာကျွန်း၊ စောင်းကောက်ကျွန်း၊ ကြက်မောက်ကျွန်း(ခ) အသည်းပုံကျွန်း၊ သူဌေးကျွန်းနှင့် ခရင်းခွကျွန်း စသည့်နေရာများသို့ အများဆုံးသွားရောက်လည်ပတ်ကြည့်ရှုလေ့လာ အပန်းဖြေကြကြောင်း မြို့နေပြည်သူများအနေဖြင့် မြန်မာ - ထိုင်းနယ်စပ်ဖြတ်သန်းခွင့်ဖြင့် အိမ်နီးချင်း ထိုင်းနိုင်ငံ ရနောင်းမြို့သို့သွားရောက်လည်ပတ် အနားယူခြင်း၊ ဈေးဝယ်ထွက်ခြင်းများဖြင့်စည်ကားလျက်ရှိကြောင်းလည်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**



## နှစ်သစ်ကူးရုံးပိတ်ရက်တွင် ပခုက္ကူမြို့ရှိ အထင်ကရနေရာများ၌ အလည်အပတ် လာရောက်အပန်းဖြေသူများပြား

**ပခုက္ကူ ဇန်နဝါရီ ၁**

၂၀၂၃ ခုနှစ် နှစ်သစ်ကူးရုံးပိတ်ရက်နေ့တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ အထင်ကရနေရာများ၌ ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက အလည်အပတ်လာရောက်အပန်းဖြေသူ များပြားလျက်ရှိသည်။

ပခုက္ကူမြို့သည် ဗုဒ္ဓဘာသာသာသနာထွန်းကားရာ မြို့တစ်မြို့ဖြစ်သည်နှင့်အညီ သီဟိုဠ်ရှင်မြတ်စွာဘုရား၊ ရွှေကူမြတ်စွာဘုရား၊ ဖောင်တော်ဦးဘုရား၊ ရွှေမုဋ္ဌောစေတီတော်မြတ်ကြီး စသည့်ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများတည်ရှိရာမြို့လည်းဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံပြည်သူများအနေဖြင့် နှစ်သစ်ကူးရုံးပိတ်ရက်နေ့ရောက်တိုင်း ဘုရား၊ စေတီတော်မြတ်ကြီးများသို့ လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိသည်။ မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားဖြစ်သည့် ရောဝတီတံတား(ပခုက္ကူ)နှင့်မြကန်သာ ပန်းခြံတို့တွင် အလည်အပတ်သွားရောက်အပန်းဖြေသူများ၊ အလှဓာတ်ပုံရိုက်ကူးသူများ၊ နှစ်သစ်ကူးမင်္ဂလာဆုတောင်းသူများဖြင့် အများအပြားရှိသည်ကို တွေ့ရသည်။

ထို့အပြင် ပခုက္ကူမြို့ ဘုန်းတော်ကြီးကျောင်း စာသင်တိုက်များရှိ ဆရာတော်သံဃာတော်ကြီးများထံ ဥပုသ်သီလတရား နာယူသူများ၊ ဘုရားပန်းများနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းသူများ၊ ဘုရားဝင်းအတွင်းရောင်းချသည့် မုန့်ပဲသရေစာများ ဝယ်ယူစားသောက်အပန်းဖြေကြသူများ၊ အမှတ်တရပစ္စည်းဝယ်ယူသူများ ရောဝတီမြစ်ကမ်းနံဘေး ငါးအစာကျွေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

လျှပ်စစ်ကို
ချွေတာ
သုံးစွဲခြင်းဖြင့်
မီတာခများ
ကျသင့်ခြင်းမှ
ရှောင်ရှားပါ




**မင်္ဂလာနှစ်ပတ်လည်ဆုတောင်း**

ဖေဖေ ဦးအေးသန်း – မေမေ ဒေါ်လေးနွယ်ဝင်းတို့၏ ၂-၁-၂၀၂၃ ရက်တွင်ကျရောက်သည့် (၁၅)နှစ်မြောက် သလင်းရတု မင်္ဂလာနှစ်ပတ်လည်မှသည် ရွှေရတု/စိန်ရတုတိုင်ပါစေ။

ချစ်သမီးလေး မအိမ့်ဖူးမော်

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အလွတ်တန်းဘော်လီဘောပြိုင်ပွဲနှင့် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**သပိတ်ကျင်း ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် ( ၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား အလွတ်တန်းဘော်လီဘောပြိုင်ပွဲနှင့် ဝါးဖြူတောင်ကျေးရွာအုပ်စု အခြေခံပညာကျောင်းမိသားစု ချစ်ကြည်ရေးဖိတ်ခေါ် ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် (၇)မိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်အေးအေးမြတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခြေခံပညာကျောင်းသူလေးများက ပန်းပွားအက၊ အေရိုးဗစ်အက များဖြင့်ဖျော်ဖြေကာ ပြိုင်ပွဲများဆက်လက်ကျင်းရာ တာဝန်ရှိသူများက ပြိုင်ပွဲများကို အားပေးကြည့်ရှုကြသည်။

အဆိုပါပြိုင်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဝါးဖြူတောင်ကျေးရွာအုပ်စု အခြေခံပညာကျောင်းများမှ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။
( ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
( ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

